# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၆) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၂.၈၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ၂၇-၇-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားထားသူ ၁၇ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၄ ဦးရှိပြီး စုစုပေါင်းကိုယ်စားလှယ် ၃၁ ဦး ခွင့်တိုင်ကြားထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၄ ဦးမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၊

(၂) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင်၊

(၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်၊

(၅) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၊

(၆) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၊

(၇) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၊

(၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ၍ လည်းကောင်း၊

(၉) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်၊

(၁၀) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း၊

(၁၁) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင်၊

(၁၂) ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဖေကြိုင်တို့သည် ကျန်းမာရေးမကောင်းပါသဖြင့်လည်းကောင်း၊

(၁၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၊

(၁၄) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်တို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေးတက်ရောက်ရန်ရှိပါသဖြင့် ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးအား ခွင့် ၁ ရက်အဖြစ် အသီးသီးတင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြမေးခွန်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဥ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဥ်စတင်ဆောင်ရွက်ပါ့မယ်။

**HIVရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ကူးစက်မှုခံရသည့် ဝန်ထမ်းများနှင့်စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့မေးမြန်းဆွေးနွေးမယ့် မေးခွန်းကတော့ ဝန်ထမ်းများအပိုင်းမှာ HIV ရောဂါနှင့် အခြားကူးစက်ရောဂါများဖြစ်ပွားခံစားမှုနှင့် ပတ်သက်ဆက်စပ်တဲ့မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ HIV, AIDS ရောဂါနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာဖြစ်ပေါ်နေတဲ့ အခြေအနေလေးကို မေးခွန်းမမေးမီမှာ အကျဥ်းချုပ်လေး ကျွန်တော်တင်ပြပါ့မယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၉ ခုနှစ် Estimate and

Projection UNAIDS နှင့် WHO ကတင်ပြတဲ့ ၂၀၀၉ ခုနှစ်စာရင်းဇယားများအရ ကျွန်တော်တို့ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံ ၁၁ နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံက HIV , AIDS ဖြစ်ပွားမှုနှုန်းနံပါတ် ၆ နေရာမှာရှိပြီးတော့ ရာခိုင်နှုန်း ၄.၉ လောက်ရှိပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ ၂၀၀၉ ခုနှစ်စာရင်းဇယားများကိုလေ့လာသုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် HIV ရောဂါဖြစ်ပွားတဲ့ People with Living HIV ပေါ့။ အဲ့ဒီဟာ ၂၀၀၉ ခုနှစ်အထိ လူနာပေါင်း ၂၄၀၀၀၀ ရှိပါတယ်။ ဒီ ၂၄၀၀၀၀ မှာ AIDS and Related Diseases နဲ့သေဆုံးတဲ့ လူနာဦးရေဟာ ၁၈၀၀၀ ရှိပါတယ်။ တစ်ခါ ကျွန်တော်တို့ HIV, AIDS နဲ့နှစ်စဉ်ဖြစ်ပွားမှုအသစ်ပေါ့။ ရောဂါအသစ်ပြန်လှန်ပြီးတော့ဖြစ်နေတဲ့ ကူးစက်မှုခံနေရတဲ့လူနာဦးရေဟာ နှစ်စဉ် ၁၇၀၀၀ နှင့် ၂၀၀၀၀ ပတ်ဝန်းကျင်မှာရှိပါတယ်။ အဲ့ဒီခုနက ကျွန်တော်တင်ပြခဲ့တဲ့ လက်ရှိ HIV ရောဂါခံစားနေရတဲ့ လူနာဦးရေလက်ရှိ ၂၄၀၀၀၀ ရှိတဲ့ အနက်မှာ ART လို့ခေါ်တဲ့ ခုခံအားကျတဲ့ရောဂါကိုကုသတဲ့ ART ဆေးတိုက်ကျွေးရမယ့်လူနာ ၁၂၀၀၀၀ လောက်ရှိပါတယ်။ ဒီ ၁၂၀၀၀၀ အနက်မှာ ART လက်ခံရရှိပြီးတော့ ဆေးကျွေးကုသပေးနေရတဲ့လူနာဦးရေဟာ ၂၁၁၃၈ ယောက်ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်ကြည့်မယ်ဆိုရင် ART ဆေးလက်ခံရရှိပြီးတဲ့ဆေးကျွေး လူနာဟာ ရာခိုင်နှုန်းအားဖြင့် ၁၅ ရာခိုင်နှုန်းကနေ ၂၂ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ အဲ့တော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ HIV, AIDS ဖြစ်ပေါ်နေတဲ့ ရောဂါခံစားနေရတဲ့လူနာတွေအပေါ် ဘယ်လိုနည်းလမ်းတွေနဲ့ဖြေရှင်းဆောင်ရွက်မလဲဆိုတာ ကျွန်တော်တို့အတွက် ဒါဟာ Challenge စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ HIV, AIDS ရောဂါကူးစက်မှုကိုပြန်လည်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် လိင်ပိုင်းဆိုင်ရာကူးစက်မှုတွေ၊ သွေးနှင့် သွေးရည်ကြည်ကနေပြီးတော့ ကူးစက်မှုတွေ၊ မိခင်ကနေ သန္ဓေသားကိုကူးစက်တာတွေ အကြောင်းအမျိုးမျိုးကြောင့် ဘယ်လိုပဲကူးစက်ကူးစက် ဒီကူးစက်ခံရတဲ့ HIV လူနာတွေအပေါ်မှာ ကျွန်တော်တို့ ပစ်ပယ်ထားလို့မရပါဘူး။ ကျွန်တော်တို့ဟာ လူ့အဖွဲ့အစည်း လူ့အသိုင်းအဝိုင်းတစ်ခုဖြစ်တဲ့အတွက်ကြောင့် ဒီလူနာတွေအပေါ်ကို ကျွန်တော်တို့က စာနာထောက်ထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ ဒီလူနာတွေကို ပစ်ပယ်ထားလိုက်တာနဲ့ ဒီရောဂါဟာ ပိုမိုပြီးတော့ ကြီးထွားကျယ်ပြန့်လာမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့ ဒီရောဂါခံစားရတယ်ဆိုရင် ဒီရောဂါနှင့်ပတ်သက်ပြီးတော့ အလုပ်ကထွက်ရတဲ့အခါမှာ သူကို့မှီခိုစားသောက်နေရတဲ့မိဘဆွေမျိုး၊ ဇနီးသားမယား၊ သားသမီး အစရှိသဖြင့် ဒီမှီခိုနေရတဲ့လူတွေရဲ့စားဝတ်နေရေး၊ ဘဝရပ်တည်မှုအခြေအနေဟာ တော်တော်ကြီးကို ယိမ်းယိုင်ပြိုကွဲသွားပါတယ်။ အဲ့တော့ ဒီလူနာပိုင်း ယောကျာ်းပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ဝန်ထမ်းပိုင်း

အနေနဲ့ ဒီရောဂါဖြစ်လာလို့ရှိရင်လည်း စားဝတ်နေရေး၊ ဘဝရပ်တည်ရေးအတွက် ရုန်းကန်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အသက်မွေးဝမ်းကျောင်းပြုတဲ့အခါမှာ ငွေကုန်ကြေးကျမများတဲ့ အကာအကွယ်မဲ့လုပ်မယ်ဆိုလို့ရှိရင် ဒီရောဂါကူးစက်မှုနှုန်းက ပိုမိုပြီးတော့ ကြီးထွားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ HIV ရောဂါနှင့်ပတ်သက်ပြီးတော့ ဒီလူနာတွေဟာ လူသားတွေလည်းဖြစ်တယ်။ လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းမှာလည်းနေတဲ့အတွက်ကြောင့် ဒီလူနာတွေကိုလူမျိုးအနေနဲ့ ရေဘေး၊ လေဘေး၊ လျှင်ဘေးအစရှိသဖြင့် ဒီစာနာထောက်ထားမှုတွေလုပ်နေသလိုပဲ ကျွန်တော်တို့တစ်တွေ စာနာထောက်ထားမှုအပြည့်အဝနဲ့ ဆေးကုသမှုပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးမယ်ဆိုရင် လူ့ဘဝသက်တမ်းကြာကြာနေရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စာနာထောက်ထားစိတ်နဲ့ကြည့်ရှုရမယ်ဆိုတဲ့အဖြေတစ်ခုဟာ ဒါထွက်လာတာ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အရင်တုန်းကကမ္ဘာကြီးရဲ့ အပြင်ဘက်မှာရောက်နေပြီးတော့ ၂၀၁၁ ကျတော့ ကမ္ဘာကြီးရဲ့အတွင်းပိုင်းကို ရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ International Community ခေါ်တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းနယ်ပယ်မှာ HIV, AIDS ရောဂါနှင့်ပတ်သက်ပြီးတော့ ဘယ်လိုပြုမူဆောင်ရွက်နေသလဲ Treatment တွေ၊ ဆေးကုသမှုတွေဘယ်လိုရရှိအောင်ဆောင်ရွက်နေသလဲ။ ဘဝရပ်တည်မှုတွေရရှိအောင် Social Welfare တွေ ဘယ်လိုဆောင်ရွက်ပေးနေသလဲ။ ဒီ HIV,AIDS ရောဂါနှင့် အခြားကူးစက်ရောဂါတွေနှင့်ပတ်သက်ပြီးတော့ ဒီပြည်သူလူထုကိုအကာအကွယ်ရအောင်အတွက် ဥပဒေ၊ နည်းဥပဒေတွေ ဘယ်လို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသလဲဆိုတာကို ကျွန်တော်တို့ မျက်ခြေမပြတ်ကြည့်ရှုသွားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုတဲ့ဟာစ်တိုင်ကြီးမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာဖြစ်နေတဲ့ HIV,AIDS ရောဂါရဲ့ကိန်းဂဏန်းတွေ၊ နိုင်ငံတကာစံသတ်မှတ်တဲ့ Standard Indicatorတွေ၊ Index တွေကို ကျွန်တော်တို့အနေနဲ့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ပွင့်လင်းမြင်သာထင်ရှားစွာ Transparent ဖြစ်မှသာလျှင် ကျွန်တော်တို့ National Image တက်မှာဖြစ်ပါတယ်။ အဲ့တော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာလည်း ဒီလူ့အခွင့်အရေးတွေအတွက် လက်ရှိလည်းလုပ်နေတာပဲ လုပ်နေပေမယ့်လို့ ပေါ်လွင်ထင်ရှားမှုမရှိတဲ့အတွက်ကြောင့် International Image မှာမကောင်းပါဘူး။ ဒါကြောင့်မို့ International Image ကောင်းဖို့အတွက်ကို မီဒီယာတွေကနေကျယ်ကျယ်ပြန့်ပြန့်ထုတ်ဖော်ဖို့လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီလွှတ်တော်ကလည်း HIV,AIDS နှင့်ပတ်သက်ပြီးတော့ အဖြေ Solution တစ်ခု ထွက်တယ်ဆိုလို့ရှိရင် International Community မှာ တော်တော်လေး သာသွားပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းက ဒီလူနာတွေအပေါ်မှာ လုပ်ငန်းတာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ နိုင်ငံ့ဝန်ထမ်းဆိုတာမှာ အစိုးရဌာနဆိုင်ရာတွေမှာ တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်းတွေပါသလို စက်ရုံအလုပ်ရုံတွေမှာ၊ စီးပွားရေးလုပ်ငန်းတွေမှာပါဝင်နေကြတဲ့ဝန်ထမ်းတွေပါပါတယ်။ ထို့အတူ ဝန်ထမ်းဆိုတဲ့ အလွှာပေါင်းစုံမှာလည်း အများကြီးပါပါတယ်။ ဒါကြောင့်မို့လို့ HIV ရောဂါအပါအဝင် အခြားကူးစက်ရောဂါများဖြစ်တဲ့ အသည်းရောင်အသားဝါရောဂါဘီ/စီ အစရှိတဲ့ရောဂါတွေနှင့်ပတ်သက်ပြီးတော့ ဒီဝန်ထမ်းလူနာတွေအပေါ်မှာ ကျွန်တော်တို့ဘယ်လိုဥပဒေ၊ နည်းဥပဒေတွေပြဋ္ဌာန်းပြီးတော့ အသေးစိတ်ချမှတ်ထားတဲ့မူဝါဒသဘောထားလေးကိုကျွန်တော်တို့ ဖြေရှင်းပြန်ကြားပေးဖို့ဖြစ်ပါတယ်။ မေးခွန်းတွေမေးတဲ့ကိစ္စမှာလည်း အားလုံးလည်းကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများသိတဲ့အတိုင်းပဲ မေးခွန်းတွေမှာ အဖြေသိလျက်နဲ့မေးတာတွေရှိပါတယ်။ အဖြေမသိလို့မေးတာတွေလည်းရှိပါတယ်။ ကျွန်တော်ကတော့အဖြေသိရဲ့သားနဲ့ ကျွန်တော်မေးတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က နှစ်ပေါင်းများစွာနှစ်ပေါင်း ၃၀ ကျော်လောက် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တဲ့အပြင် ဆရာဝန်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာလုပ်နေတဲ့ လုပ်ဆောင်နေတဲ့ လုပ်ငန်းကိစ္စအဝဝကို ကျန်းမာရေးနှင့်ပတ်သက်တာကိုဘာပဲဖြစ်ဖြစ် သူများထက်စာရင် ကျွန်တော်သိပါတယ်။ သိရက်သားနဲ့ ကျွန်တော်မေးတာပါ။ ဘာဖြစ်လို့မေးရတာလဲဆိုတဲ့အခါကျတော့ ကျွန်တော်တစ်ယောက်တည်းသိလို့မရပါဘူး။ ဒီမှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ နိုင်ငံမှာရှိတဲ့ ပြည်သူပြည်သားတွေ၊ နိုင်ငံတကာအသိုင်းအဝိုင်းတွေ၊ ကျွန်တော်တို့ အာဆီယံဒေသတွင်းနိုင်ငံတွေ၊ ထို့အတူပဲ ကျွန်တော်တို့နှင့်ဆက်စပ်နေတဲ့ ပါလီမန်တွေ၊ ထို့အတူပဲ ပါလီမန်အစည်းအဝေးတွေမှာ သွားရောက်တက်ရောက်ကြတဲ့ကိုယ်စားလှယ်တွေ ဒီကိစ္စ၊ ဒီမေးခွန်းဟာ HIV,AIDS Issue ဟာ ခဏခဏမေးမြန်းခြင်းခံရတဲ့ Issue ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ HIV အပါအဝင် အခြားကူးစက်တတ်တဲ့ရောဂါများအပေါ်မှာ လုပ်ငန်းခွင်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ ဘယ်လိုချမှတ်ပြီးတော့ စီစဉ်ဆောင်ရွက်နေတယ်ဆိုတာကိုဖြေရှင်းပြန်ကြားပေးဖို့ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို တင်ပြချင်တာတစ်ခုကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကဏ္ဍမှာ HIV,AIDS ရောဂါဟာ အရေးကြီးတဲ့ Issue တစ်ခုဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း တစ်ကမ္ဘာလုံးအရေးစိုက်နေကြတဲ့ Issue တစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ Issue အပေါ်မှာ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးကလည်း မေးခွန်းများ ပြန်လည်ဖြေကြားပြီးလို့ရှိရင်လည်း သဘောထားမှတ်ချက်လေး Opinion and Recommendation လေးပေးပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန )** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဆွေးနွေးမှာဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနဟာ အလုပ်သမားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ဥပဒေပါ ရပိုင်ခွင့်များပြည့်ပြည့်ဝဝနှင့် မှန်မှန်ရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးရေးစတဲ့ အဓိကလုပ်ငန်းတာဝန်များကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် အလုပ်နှင့်ဆက်နွယ်သည့် ရောဂါခံစားရမှုလျော့နည်းကျဆင်းစေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးစည်းကြပ်ခြင်း၊ ပညာပေးသင်တန်းဖွင့်လှစ်ပို့ချခြင်းနှင့် လုပ်ငန်းအမျိုးအစားအလိုက် အန္တရာယ်ရှိသည့်စက်ရုံ၊ အလုပ်ရုံများအား လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ ကွင်းဆင်းတိုင်းတာပြီး လိုအပ်သလိုပြုပြင်ဆောင်ရွက်စေခြင်းစသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်နှင့်ဆက်နွယ်သည့် ရောဂါခံစားရမှုများကာကွယ်ပေးနိုင်ရန် ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၃ အရ မတော်တဆထိခိုက်မှုဖြစ်ပွားပါက အလုပ်ရုံမန်နေဂျာမှ အကြောင်းကြားစာပေးပို့ရန်၊ ပုဒ်မ ၅၄ အရ အလုပ်သမားတစ်ဦးဦးဟာ အလုပ်သမားလျော်ကြေး ဥပဒေဇယား ၃ ပါ လုပ်ငန်းခွင်နှင့်ဆက်နွယ်သည့်ရောဂါဖြစ်ပွားပါက အလုပ်ရုံမန်နေဂျာမှလည်းကောင်း အကြောင်းကြားစာပေးပို့ရန်နှင့် ရောဂါခံစားရသူကိုဆေးကုနေသည့် တာဝန်ခံဆရာဝန်မှလည်းကောင်း ဤဦးစီးဌာနသို့ အကြောင်းကြားစာပေးပို့ရန် ပုဒ်မ ၅၅ အရ အလုပ်သမားလျော်ကြေးအက်ဥပဒေပါ ရောဂါဖြစ်ပွားသည်ဟု သို့မဟုတ် ထင်မြင်ယူဆပါက စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ပါကြောင်း၊ ပုဒ်မ ၅၆ တွင် အလုပ်ရုံတွင် အသုံးပြုရန်ရည်ရွယ်သည့်ပစ္စည်းသည် အလုပ်သမားထိခိုက်နာကျင်ရန် သို့မဟုတ် ကျန်းမာရေးထိခိုက်သည်ဟု စစ်ဆေးရေးအရာရှိက ထင်မြင်ပါက

အချိန်မရွေးအစိုးရဓာတုဗေဒအရာရှိ ဓာတ်ခွဲစမ်းသပ်ရန်အတွက်နမူနာယူနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၅၂ အရ အလုပ်သမား၏ကိုယ်အင်္ဂါကိုထိခိုက်နာကျင်စေမည့် သို့မဟုတ် အဆိပ်မိစေမည့် သို့မဟုတ် ရောဂါဖြစ်စေသည့်လက္ခဏာရှိသည့်အလုပ်ကို သီးခြားသတ်မှတ်၍ ဘေးအန္တရာယ်ဖြစ်စေသောအလုပ်အဖြစ်သတ်မှတ်၍ နည်းဥပဒေပြဋ္ဌာန်းခြင်း၊ မိန်းမ သို့မဟုတ် လူငယ်များခိုင်းစေခြင်း၊ တားမြစ်ကန့်သတ်နိုင်ခြင်း၊ ဆရာဝန်မှဆေးဘက်ဆိုင်ရာ ဆေးစစ်ခြင်းများဆောင်ရွက်၍ လုပ်ကိုင်ရန်သင့်၊ မသင့် ဆေးလက်မှတ်ရယူခြင်းအစရှိသည်တို့ အသေးစိတ်ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် ဤပုဒ်မအရ အန္တရာယ်ရှိသည့်လုပ်ငန်းများနည်းဥပဒေ (Hazardous Occupational Rule) ၇ မျိုးထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ ထို့အပြင် လုပ်ငန်းခွင်အသီးသီးရှိ အလုပ်သမားများသည် ၎င်းလုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ၊ အသုံးပြုသည့်ကုန်ကြမ်း၊ ဆက်စပ်ပစ္စည်းနှင့်ပြုလုပ်မှုလုပ်ငန်းစဉ်ကြောင့် အလုပ်နှင့်ဆက်နွယ်သည့် ရောဂါခံစားရခြင်းမရှိစေရန် ကြိုတင်ကာကွယ်ရေးနှင့် ရောဂါခံစားရရှိပါက ဆေးကုသရေး ဆောင်ရွက်ရမည့်အချက်များ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနှင့်အညီ လုပ်ငန်းခွင်ဆက်စပ်ရောဂါများနှင့်ပတ်သက်၍ စည်းကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ILO မှထုတ်ပြန်ထားသော $R_{197}$ List of Occupational Diseases Recommendation 2002 တွင် လုပ်ငန်းခွင်နှင့်ပတ်သက်သောရောဂါဘယများသတ်မှတ်ချက်တွင် HIV ရောဂါကို ထည့်သွင်းထားခြင်းမရှိကြောင်း၊ ထို့အပြင် အခုအသစ်ရေးဆွဲနေသောလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေတွင်လည်း လုပ်ငန်းခွင်နှင့်ဆက်စပ်ဖြစ်ပွားသောရောဂါ ၃၃ မျိုးအတွက်သာရေးဆွဲ၍ အကောင်အထည်ဖော်စည်းကြပ်ကာကွယ်စောင့်ရှောက်မှာ ဖြစ်ပါတယ်။ HIV ရောဂါသည် လူမှုရေးဆိုင်ရာဆက်ဆံမှုကြောင့်လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ စမ်းသပ်စစ်ဆေးမှုအားနည်းချက်ကြောင့်လည်းကောင်း၊ သွေးနှင့်ပတ်သက်ပြီး ဆက်စပ်လုပ်ကိုင်ရာတွင် သတိပေါ့လျော့မှုကြောင့်လည်းကောင်း ကူးစက်ရတဲ့ရောဂါဖြစ်သဖြင့် ကူးစက်ရောဂါဆိုင်ရာ ထိန်းချုပ်ကာကွယ်သည့်လုပ်ငန်းကို ကျန်းမာရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရှိ HIV ရောဂါအပါအဝင် အခြားကူးစက်ရောဂါများကူးစက်မှုခံရသည့်လူနာများအတွက် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေကို ၁၉၉၅ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာနမှ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အစိုးရဌာနဆိုင်ရာ လုပ်ငန်းခွင်အမှုထမ်းဆောင်သူဝန်ထမ်းများအတွက် ဆေးကုသခွင့်၊ နာမကျန်းဆေးခွင့်၊ နာမကျန်းပင်စင်ခံစားခွင့်နှင့် အခြားလူမှုရေးဆိုင်ရာခံစားခွင့်များကို ဝန်ထမ်းလုပ်ထုံး

လုပ်နည်းနှင့်အညီဆောင်ရွက်ပေးလျက်ရှိပါသည်။ HIV ရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ကူးစက်မှုခံရသူများအနေဖြင့် ၎င်းတို့၏ကျန်းမာရေးအခြေအနေအရ ဆက်လက်လုပ်ကိုင်နိုင်ပါက လည်း ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုထားပါတယ်။ အလုပ်ခွင်ထဲတွင်လုပ်ကိုင်နေသည့် အလုပ် သမားများတွက် HIV ကူးစက်ခံရသူနှင့် ကူးစက်မခံရသူများရှိနိုင်ပါတယ်။ ၎င်းတို့အတွက် ရောဂါ ကူးစက်ခံရသူများအနေနဲ့ ရောဂါတိုးပွားမလာစေရန်အတွက် လူမှုဖူလုံရေးအဖွဲ့သို့ အာမခံကြေး ထည့်ဝင်ထားခြင်းဖြင့် လူမှုဖူလုံရေးအဖွဲ့၏ ကုသစောင့်ရှောက်မှုရယူခြင်း၊ ဆေးကုသစရိတ်များကို ကုသသူသမားတော်ထောက်ခံချက်ဖြင့် ပြန်လည်ထုတ်ယူခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်တဲ့ UNAIDS တို့၏ ကုသစောင့်ရှောက်မှုခံယူခြင်း၊ NGO များ၏ကုသစောင့်ရှောက်မှု ခံယူခြင်း၊ HIV ကူးစက်မခံရသူများအား ကူးစက်ခံရမှုမရှိစေရန်နှင့် ကူးစက်ခံရပြီးသူများအားနှိမ့်ချ ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ လုပ်ငန်းခွင်အတွင်းရော၊ လူထုအတွင်းမှာပါတစ်တန်းစားတည်း ဆက်ဆံ နိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှညွှန်ကြားချက်များအတိုင်းလိုက်နာရန် လုပ်ငန်းခွင်ကျန်းမာရေး ဌာနမှဆရာဝန်များနှင့် လူမှုဖူလုံရေးအဖွဲ့မှဆရာဝန်ကြီးများ အသိပညာပေးကွင်းဆင်းဟောပြောပို့ချမှု များစဉ်ဆက်မပြတ်ဆောင်ရွက်နိုင်အောင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ အလုပ်ရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနကတော့ ရှင်းလင်းတင်ပြပြီးသွားပါပြီ။ ဒေါက်တာ နေလင်းက ဥက္ကဋ္ဌကြီးရဲ့ Opinion and Recommendation တောင်းထားပါတယ်။ ပြီးတဲ့အခါမှာ အတင်းအကြပ်တော့မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးရဲ့ဆန္ဒပါလို့ပြောပါတယ်။ အဲ့ဒီတော့ ဒေါက်တာနေလင်း တို့၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့ မေးမြန်းဖြေကြားသလိုပဲ ဒီရောဂါနှင့်ပတ်သက်ပြီးတော့ ကမ္ဘာအဝန်း ကစိတ်ဝင်စားပြီးတော့ ကမ္ဘာ့ရဲ့ကျန်းမာရေးဆိုင်ရာအရေးကြီးတဲ့ Issue တစ်ခုဖြစ်တာလည်းအမှန်ပါပဲ။ ကျွန်တော့်အနေနဲ့ ကျွန်တော်ရဲ့ Opinion ဆိုလို့ရှိရင်တော့ ကျန်းမာရေးနှင့်ဆိုင်တဲ့ Opinion ကို အရင်တင်ပြချင်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ဆိုရိုးစကားတွေ ရှိပါတယ်။ ကုသခြင်းထက် ကာကွယ်ခြင်းကပိုပြီးတော့ထိရောက်တယ်။ အကျိုးရှိတယ်ဆိုတဲ့အတွက် ကျန်းမာရေးနှင့်ဆိုင်တဲ့ကိစ္စ အားလုံးဟာ ကြိုတင်ကာကွယ်ခြင်းကပိုပြီးတော့ ထိရောက်ပါတယ်။ အသုံးဝင်ပါတယ်။ ဒီလိုကြိုတင် ကာကွယ်ဖို့ဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ ဝန်ကြီးဌာနနှင့် ဌာနအသီးသီးက ပညာပေးအသိပေး ခြင်းတွေ ရှေ့ကပြေးသွားဖို့လိုပါတယ်။ အဲ့ဒီလိုရှိတော့မှသာလျှင် ကာယကံရှင်ရော၊ ပတ်ဝန်းကျင်မှာ

ရှိတဲ့လူရော ကာကွယ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဲ့လို ကာကွယ်တဲ့ကြားထဲက ဖြစ်ပေါ်လာပြီဆိုလို့ရှိရင်တော့ ရောဂါဖြစ်ပေါ်လာပြီဆိုလို့ရှိရင်တော့ ကျန်းမာရေးဝန်ကြီးဌာန၊ သက်ဆိုင်သည့်အဖွဲ့အစည်းများက ကုသပေးရမယ့်အပိုင်းကို ရောက်လာပါတယ်။ ဒီနေရာမှာ HIV,AIDS ရောဂါဟာ ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့လူဦးရေသန်း ၆၀ ရှိတယ်ဆိုတဲ့နေရာမှာ ဂဃနဏနားလည်မှာက ရာခိုင်နှုန်း ၅၀ ရှိချင်မှရှိပါမယ်။ မရှိတဲ့အတွက် ဒီရောဂါမဖြစ်ပွားဖို့ကာကွယ်ခြင်းအပိုင်း၊ ကုသခြင်းအပိုင်းမှာလည်း သူများနိုင်ငံနဲ့စာလို့ရှိရင် အခက်အခဲပိုရှိနိုင်ပါတယ်။ တစ်ခါ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုဓလေ့စရိုက်အရ အရှက်အကြောက်ကြီးတယ်။ ဒီကိစ္စမျိုးတွေမှာဆိုလို့ရှိရင် ပြောဆိုဖို့၊ ဆွေးနွေးဖို့ အင်မတန်မှဝန်လေးပါတယ်။ မပြောရဲကြ၊ မဆိုရဲကြ အင်မတန်အရှက်အကြောက်ကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော့်ရဲ့ Opinion ပြောမယ်ဆိုလို့ရှိရင် မိမိတို့ရဲ့ယဉ်ကျေးမှု စရိုက်လက္ခဏာတွေထဲကမှ နိုင်ငံသားတိုင်းရင်းသားများနှင့် လူသားများအတွက် ကျန်းမာရေးကိုထိခိုက်စေသော သို့မဟုတ်ရင် ဒီလူသားများရဲ့ အခွင့်အရေးကိုထိခိုက်စေသော အပြုအမူစရိုက်လက္ခဏာများရှိတယ်ဆိုလို့ရှိရင် သိမ်မွေ့ညင်သာစွာပြန်လည်ပြုပြင်ပြောင်းလဲဖို့လိုပါတယ်။ အစဉ်အလာတစ်ခု၊ ရိုးရာတစ်ခု၊ ဓလေ့စရိုက်တစ်ခုဟာ မိမိတို့အမြတ်တနိုးထိန်းသိမ်းထားရမှာ မှန်ပေမယ်လို့ အဲ့ဒီအစဉ်အလာကြောင့်၊ အဲ့ဒီရိုးရာကြောင့်၊ အဲ့ဒီဓလေ့စရိုက်ကြောင့် မိမိတို့တိုင်းရင်းသားများရော နိုင်ငံသားများရော လူသားများအတွက်ကျန်းမာရေးဆိုင်ရာနှင့် အခြားအခက်အခဲများရှိတယ်ဆိုရင်လည်း ညင်သာစွာဆောင်ရွက်ရမယ်လို့ သိမ်မွေ့ညင်သာစွာဆောင်ရွက်ရမယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာနေလင်းကဆန္ဒရှိရင်ဖြေပါ။ အတင်းအကျပ်မဟုတ်ပါဘူး။ ကျွန်တော်လည်း ကျွန်တော့်ရဲ့အမြင်နဲ့ ဒီလိုတင်ပြဖြေကြားခြင်းပဲဖြစ်ပါတယ်။ ထပ်ပြီးတော့ ရှေ့အစီအစဉ်ကူးမယ်ဆိုတဲ့အချိန်မှာပဲ ထပ်ပြီးတော့ စဉ်းစားမိတာတစ်ခုက HIV,AIDS နှင့်ပတ်သက်ပြီးတော့ ကမ္ဘာကလည်းအလေးထားတယ်။ ကျွန်တော်တို့နိုင်ငံကလည်းအလေးထားတယ်။ အခုလည်း ဒီလိုဆွေးနွေးပြီးပြီဆိုရင်တော့ ဒီရောဂါကုသရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန Focal Ministry ကနေပြီးတော့ INGO, NGO နှင့် အခြားအဖွဲ့အစည်းများက ဦးဆောင်ဦးရွက်ပြုပြီးတော့ စနစ်တကျအကွက်ချပြီး စီမံဆောင်ရွက်မယ်ဆိုရင် ပိုပြီးသင့်ကြောင်း ထပ်လောင်းတင်ပြပါတယ်။

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ အစည်းအဝေးသတ္တမနေ့မှာ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းထားတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့် စပ်လျဉ်းပြီး ယနေ့မှာတော့ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်အား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြကုန်သော လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလို့ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် (ခ) ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာ တွေ့ရှိခဲ့တဲ့ ပုဒ်မများအနက်မှ ပုဒ်မ ၂၂ ကို ကောက်နုတ် တင်ပြဆွေးနွေးသွားမည် ဖြစ်ပါတယ်။ ပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကားစာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကိုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူ၍လည်းကောင်း (ခ)တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဟူ၍လည်းကောင်း (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အထက်ဖော်ပြပါ ပုဒ်မ ၂၂ ပါ အချက်အလက်များတို့သည် တိုင်းရင်းသားများတို့၏ လူမှုဘဝအချိုး ညီညီမျှမျှ မျှမျှတတ တိုးတက်လာရေးအတွက် အဓိကကျသော အချက်များဖြစ်ကြ၍မဖြစ်မနေ အလေးထားဆောင်ရွက်

ရမည့်ကိစ္စများလည်း ဖြစ်ကြပါသည်။ ၄င်းအချက်များကို ပြည့်စုံအောင်ဆောင်ရွက်ပေးနိုင်မှသာလျှင် ၁၃၅ မျိုးသော တိုင်းရင်းသားများတို့၏ လူမှုဘဝသည်လည်း အချိုးညီမျှတစွာ တိုးတက်မြင့်မားလာမည်လို့ယုံကြည်ပါတယ်။ ဤသို့ တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားများတို့သည် နိုင်ငံရေးအမြင်၊ လူမှုရေးအမြင်၊ စီးပွားရေးအမြင်များ ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်သိမြင်နားလည်လာသည့်အလျောက် တိုးတက်သောနိုင်ငံတကာနှင့် ရင်ပေါင်တန်းလာနိုင်မည် ဖြစ်ပါတယ်။ ဤကဲ့သို့ နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်သော ပုဒ်မ ၂၂ ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ကူညီဆောင်ရွက်မည်ဟု ဥပဒေတွင် ရေးသားဖော်ပြထားသော စကားရပ်သည် ကောင်းပင်ကောင်းငြားပါသော်လည်း လေးနက်ခြင်းမရှိလှပါကြောင်းနှင့် လုံလောက်မှုလည်း မရှိလှသေးပါကြောင်း သုံးသပ်တင်ပြလိုပါတယ်။ အဘယ်ကြောင့်ဆိုသော် ကူညီဆောင်ရွက်မည်ဟု ဆိုသောစကားရပ်သည် မည်သည့်အတိုင်းအတာ ပမာဏဖြင့် ကူညီမည်ဟု တိကျစွာဖော်ပြထားခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ ပုဒ်မ ၂၂ သည် တိုင်းရင်းသားများအတွက်နှင့် နိုင်ငံအတွက်ပါ အထူးအရေးကြီးသောဆောင်ရွက်ရန်ကိစ္စတစ်ရပ်ဖြစ်ပါသဖြင့် တိုင်းရင်းသားအားလုံးတို့၏ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍လည်းကောင်း၊ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍လည်းကောင်း၊ ကူညီဆောင်ရွက်မည်ဟုဆိုသည့် စကားရပ်အစား တာဝန်ခံဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပြင်ဆင်မည်ဆိုပါက ပိုမိုသင့်တော်ပြည့်စုံမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(က)ဖြစ်သည့် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရေးကိစ္စ၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ တိုးတက်မှုနည်းပါးနေသည့် တိုင်းရင်းသားများတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သောလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်ကိစ္စများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ ဥပဒေရေးဆွဲပြီး တိုက်ရိုက်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရတို့၏ ဆောင်ရွက်ရန်ကိစ္စများကို မျှတစွာဖြည့်ဆည်းပေးရာရောက်ပြီး ဆောင်ရွက်ရန်လိုအပ်သောကိစ္စများကိုလည်း ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ထင်မြင်ယူဆပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးမှ ပြည်ထောင်စုလွှတ်တော်မှာ ပထမဦးဆုံးမိန့်ကြားခဲ့သည့် မိန့်ခွန်းတွင် နိုင်ငံတော်အတွက် အရေးကြီးသောအင်အား ၃ ရပ်လိုပါကြောင်း၊ ၎င်းတို့မှာ (၁) နိုင်ငံရေး

အင်အား၊ (၂) စီးပွားရေးအင်အား၊ (၃) နိုင်ငံတော်ကာကွယ်ရေးအင်အား ဟူ၍ဖြစ်ကြပြီး နိုင်ငံရေး အင်အားဆိုသည်မှာ တိုင်းရင်းသားညီညွတ်ရေးဖြစ်ပါကြောင်း လေ့လာမှတ်သားဖူးပါသည်။ ၎င်းအပြင် ၃-၇-၂၀၁၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ပြောကြား ခဲ့သော မိန့်ခွန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားအားလုံး ပိုင်ဆိုင်ကြသည့် အတွက် တန်းတူရည်တူဆက်ဆံမှုနှင့် တန်းတူရည်တူအခွင့်အရေးရသင့်ကြပါကြောင်း။ တိုင်းရင်းသား တို့၏ တူညီသည့် အဓိကဆန္ဒသည် ပြည်ထောင်စုအတွင်း တိုင်းရင်းသားလူမျိုးစုအားလုံး တန်းတူ ရည်တူဆက်ဆံမှုနှင့် တန်းတူညီမျှစွာ အခွင့်အရေးရရှိရေးပင်ဖြစ်ပါကြောင်း ဟူ၍မိန့်ကြားခဲ့ပါတယ်။ သမ္မတကြီး၏ မိန့်ကြားချက်များကို လေ့လာပါက နိုင်ငံတော်အတွက် ဦးစွာပထမ လိုအပ်နေသော ခွန်အားသည် တိုင်းရင်းသားညီညွတ်ရေးအားဖြစ်ကြောင်းနှင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ရန် ထိုက်သင့်သည့် အခွင့်အရေးကို မျှတစွာခံစားခွင့်ပြုရန်လိုအပ်ကြောင်း ဆန္ဒပြု ထားသည်ကို သုံးသပ်ရပါသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ် ခေါင်းဆောင်များ တိုင်းရင်းသားလူမျိုးစု အသီးသီးတို့ စုပေါင်းညီညွတ်မှု ခွန်အားနဲ့ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်နိုင်ခဲ့၍ မြန်မာ့လွတ်လပ်ရေးကို ရခဲ့ကြပါပြီ။ နိုင်ငံတော်လွတ်လပ်ရေး၏ အခွင့် အရေးအသီးအပွင့်များကို တိုင်းရင်းသားအသီးသီးတို့က ဆတူ မျှတူခံစားလိုကြမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသား အသီးသီးတို့သည် ၎င်းတို့မြတ်နိုး ချစ်ခင်သော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို တိုးတက်လာစေရေးအတွက် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံတော်က တာဝန်ခံခြင်း၊ တိုင်းရင်းသားနယ်ပယ်အသီးသီးရှိ မြန်မာ့သယံဇာတများကို အရင်းအနှီးပြု၍ ဆောင်ရွက်ရသော စီးပွားရေးလုပ်ငန်းများကို တိုင်းရင်းသားအသီးသီးတို့အား သင့်တင့်မျှတစွာ ခံစား ခွင့်ပြုခြင်း၊ နယ်မြေအုပ်ချုပ်ရေးတာဝန်များကို သတ်မှတ်ထားသည့် စည်းကမ်း၊ စည်းမျဉ်းများဖြင့် ငြိမ်းချမ်းစွာစောင့်ရှောက်ခွင့်၊ အုပ်ချုပ်ထိန်းသိမ်းခွင့်ပြုခြင်းအားဖြင့် တိုင်းရင်းသားတို့၏ ညီညာ ပေါင်းစုသောအားကို စုစည်းပေါင်းစပ်နိုင်မည် ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၃-၇-၂၀၁၂ ရက်နေ့က နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမဆောင်၌ သမ္မတကြီးမိန့်ကြားခဲ့သော မိန့်ခွန်းများအနက်မှ တိုင်းရင်းသား အခွင့် အရေးနှင့်စပ်လျဉ်းသည့် မိန့်ခွန်းကို အနည်းငယ်ကောက်ယူတင်ပြလိုပါတယ်။ နိုင်ငံတော်စီးပွားရေး ပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ခိုင်မာနေရန်လိုအပ်ပါ ကြောင်း။ အလားတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုခိုင်မာရန်အတွက် တိုင်းရင်းသားပဋိပက္ခများ ပြေပျောက်

ရမည်ဖြစ်ပါကြောင်း။ တိုင်းရင်းသားပဋိပက္ခများ ပြေပျောက်စေရန် နိုင်ငံရေးနှင့်စီးပွားရေး အခွင့်အလမ်းများကို တန်းတူညီမျှ ဖန်တီးပေးရန်လိုအပ်ပါကြောင်းဟူ၍လည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပဋိပက္ခချုပ်ငြိမ်းအောင် ဆောင်ရွက်ရေးသည် နိုင်ငံတော် တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်းဟူ၍ မိန့်ကြားသွားပါတယ်။ နိုင်ငံတော် သမ္မတကြီး၏ မိန့်ကြားချက်ကို သုံးသပ်ပါလျှင် တိုင်းရင်းသားများ၏ ပဋိပက္ခများပြေပျောက်ရန် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးရရှိရန် တန်းတူညီမျှသော အခွင့်အရေးကို ဖန်တီးပေးစေ လိုသော ဆန္ဒရှိကြောင်း ခန့်မှန်းတွေးဆနိုင်မည် ဖြစ်ပါတယ်။ လက်ရှိကချင်ပြည်နယ် ဒေသအတွင်း ဖြစ်ပွားနေသော ပဋိပက္ခသည် တိုင်းရင်းသား အချင်းချင်းစည်းရုံးရေးပျက်ပြားစေသော လက္ခဏာ တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်သည် စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းကို အရှိန်အဟုန်ကြီးမား စွာနှင့် ကူးပြောင်းချီတက်နေသောကာလတွင် ကချင်ပြည်နယ်၏ ပြည်တွင်းပဋိပက္ခများ ပေါ်ပေါက် နေခြင်းသည် အလွန်အရုပ်ဆိုး အကျည်းတန်လှပါတယ်။ ကချင်တိုင်းရင်းသားများနှင့် တပ်မတော်သား များ သေကြေပျက်စီးနေခြင်းသည် ကျွန်ုပ်တို့ တိုင်းရင်းသားများ နိုင်ငံသားများသေကြေပျက်စီးနေခြင်း သာဖြစ်ပါသည်။ ကချင်ပြည်နယ် ပျက်စီးယိုယွင်းခြင်းသည် ကျွန်ုပ်တို့ နိုင်ငံတော်အစိတ်အပိုင်း ပျက်စီးယိုယွင်းမှုပင် ဖြစ်ပါတယ်။ တင်းမာမှုကို အဘယ့်ကြောင့်မလျှော့ချနိုင်သည့်ဖြစ်စဉ်ကို တိတိ ကျကျမသိသော်ငြားလည်း နှစ်ဘက်စလုံးမှ သဘောထားကြီးစွာဖြင့် တင်းမာမှုများ ဖြေလျှော့ပါမှ ပျော့ပြောင်းတဲ့လမ်းကြောင်း လမ်းကောင်းပေါ်ပေါက်လာနိုင်မည်ဟု ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် အစိုးရမှ အပစ်အခတ်ရပ်စဲရေး ကြေညာ ပြီး ယခင်တပ်တည်ရာတွင် နေရာယူ၍ ငြိမ်းချမ်းရေးကို ဆွေးနွေးလျှင် နိုင်ငံတော်သမ္မတ၏ ရည်မှန်း ချက်ကိုဖြည့်ဆည်းနိုင်မည်ဖြစ်သလို တိုင်းရင်းသားတို့၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှု ကိုလည်း အထောက်အကူဖြစ်နိုင်မည်ဟု ယူဆပါတယ်။သို့ဖြစ်ပါ၍ ဦးတီခွန်မြတ် တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အပေါ်အခြေခံပြီး ရေးဆွဲပြဋ္ဌာန်းရန်အတွက် လေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်လိန်း (ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန်လိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးတီခွန်မြတ် တင်သွင်းတဲ့ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန်၊ ဗမာ အစရှိသည်ဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုစစ်စစ်၊ အင်္ဂလိပ်လိုပြောရလျှင် United States of Myanmar or Federal Union of Myanmar ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး တစ်ခုတည်းဖြင့် ဥပမာ ဗမာ သို့မဟုတ် ချင်းလူမျိုး တစ်ခုတည်းဖြင့် တည်ထောင်တဲ့ တိုင်းပြည်မဟုတ်ပါဘူး။ ဤသို့ဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှု၊ စကား၊ စာပေ၊ အနုပညာ ပေါင်းစုံတည်ရှိသည့် နိုင်ငံတော်လည်း ဖြစ်ပါတယ်။ သို့ရာတွင် လွတ်လပ် ရေးရရှိသည့်နောက်ပိုင်း နှစ်ပေါင်း ၆၀ ကျော်ကာလကို ပြန်လည်လေ့လာကြည့်တဲ့အခါ ကျွန်တော်တို့ နိုင်ငံဟာ ပြည်ထောင်စုဟူသည့် နာမည်လောက်ကိုသာ သုံးစွဲနေပြီး လက်တွေ့မှာ ပြည်ထောင်စု စစ်စစ်ရဲ့ အနှစ်သာရကို မခံစားရသေးပါဟု ခံယူထားသူ တိုင်းရင်းသားများရှိနေကြောင်း တွေ့ရှိရပါ တယ်။ ဤခံစားချက်နှင့် အမြင်ကို ပပျောက်အောင် သဘောထားကြီးစွာ စိတ်ရင်းစေတနာမှန်နှင့် ချဉ်းကပ်ဖြေရှင်းရန် အလွန်အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့အခါ ဤအခြေခံဥပဒေကို လက်ခံတဲ့ တိုင်းရင်းသားများသည် ပါတီအသီးသီးဖွဲ့စည်းကာ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် ပြီးမှ အနိုင်ရသူများက လွှတ်တော်အတွင်းသို့ ရောက်ရှိလာကြပါတယ်။ လွှတ်တော်အမတ်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက်ကာကွယ်ပြီး ဥပဒေပြုမည့်သူများ ဖြစ်သည့်အားလျော်စွာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်နည်းဥပဒေများကိုလည်း ဖော်ထုတ်ပြင်ဆင်ပေးရန် တာဝန် ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့်နည်းဥပဒေနှင့် ပတ်သက်ပြီး ဤလွှတ်တော်က သိရှိအရေးယူသင့်သည့် အချက်တစ်ခုကို တင်ပြလိုပါတယ်။ ဤကိစ္စသည် ဦးတီခွန်မြတ် တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့်ဆက်နွယ်နေသည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း သော့ချက်တစ်ခုဖြစ်တယ်လို့ ခံယူပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ (၅)နှင့် ပုဒ်မ (၁၇)ပါ

ပြဋ္ဌာန်းချက်များသည် တိုင်းရင်းသားရေးရာဝန်ကြီးများကို တခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများထက် အဆင့်နိမ့်ချထားသည့် ပြဋ္ဌာန်းချက်များဖြစ်နေပါသဖြင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးဖြစ်သော်လည်း နှစ်ဝက်ကျော် ယနေ့အထိ ဖွဲ့စည်းပုံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်ဆိုင်ရာမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသေးကြောင်း အံ့ဩဖွယ် တွေ့ရှိရပါတယ်။ တိုင်းရင်းသားရေးရာဝန်ကြီးများသည် ရွေးကောက်ပွဲတွင် အထက်လွှတ်တော် အမတ်များကဲ့သို့ သက်ဆိုင်ရာမဲဆန္ဒနယ်(၁)နယ်တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မဲဆန္ဒနယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိ၍ ရွေးကောက်တင်မြှောက်ခံခဲ့ရသူများဖြစ်ပါသည်။ တာဝန်အရလည်း တိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေအနုပညာဖွံ့ဖြိုးတိုးတက်ရေး၊ ရိုးရာဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရေးစသည့် များပြောင်လှသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ချမှတ်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ စာအုပ်၊ အခန်း (၅)၊ အုပ်ချုပ်ရေးအပိုဒ် ၂၅ စာမျက်နှာ ၁၃၇ အရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကို ပြည်ထောင်စု ဒုတိယဝန်ကြီးအဆင့် သတ်မှတ်ပါတယ်။ သို့ရာတွင် ဖော်ပြခဲ့သည့်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်သည့် တိုင်းရင်းသားရေးရာဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ယနေ့ထက်တိုင် ရရှိခဲ့ခြင်းမရှိသေးပါ။ တချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားရေးရာဝန်ကြီးများသည် တိုင်းရင်းသား ပြည်သူများမှ ပေးပို့သည့်စာများ၊ တခြားအရေးကြီးစာများ လက်ခံရန် ရုံးလိပ်စာနှင့် ရုံးခန်းတောင်မရှိ၊ ဝန်ကြီးဖြစ်လျက်နှင့် ကိုယ်ရေးအရာရှိမရှိ၊ အစိုးရမှချပေးသည့် နေအိမ်လည်းမရှိဖြစ်နေကြပြီး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်ပိုင်အိမ်မရှိသူ တိုင်းရင်းသားဝန်ကြီးများဆိုလျှင် အခမဲ့ရရှိမည့် လျှပ်စစ်မီး၊ ရေနှင့် တယ်လီဖုန်းလည်းမရ၊ နယ်လှည့်တာဝန်ထမ်းဆောင်ရာတွင်လည်း မိမိစရိတ်နှင့် သွားနေရသည့်အပြင်၊ တည်းခိုရာနေအိမ် အတိအကျမရှိဘဲ ဧည့်သည်ဘဝနှင့် ဒုက္ခတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဖြစ်ရပ်မျိုးသည် ပထမအချက်အနေဖြင့် တိုင်းရင်းသားရေးရာဝန်ကြီးများထက်တောင်မှ နိုင်ငံတော်အစိုးရအတွက် ဂုဏ်သိက္ခာကျစရာ ဖြစ်နေပါသည်။ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် တိုင်းရင်းသားပြည်သူများ၏ ယုံကြည်မှုလျော့နည်းစေပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ဒို့တာဝန်အရေးသုံးပါးဖော်ဆောင်ရာတွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီထက်ပိုပြီး ပြည့်စုံအောင် ပြင်ဆင်သင့်သည်ဟု အမြင်ရှိနေသည့်ကြားထဲရှိပြီးသားကိုတောင်မှ လိုက်နာကျင့် သုံးခြင်းမရှိပါက၊ ဖွဲ့စည်းပုံအခြေခံ ရေးဆွဲထားရှိခြင်းသည်အနက်အဓိပ္ပာယ်မရှိ အပိုသက်သက်လိုဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေဖြင့် တင်ပြရသော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော်များ သီးသန့်ရှိနေသော်ငြားလည်း ဇယား ၂ တွင်တွေ့ရှိသည့်အတိုင်းပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်နှင့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များသည် နည်းနေသေးသည့်အခါ မိမိတို့နှင့်သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စကား၊ စာပေနှင့်အနုပညာများ စောင့်ရှောက်မြှင့်တင်ရေးကို တာဝန်ယူနိုင်သည့် အနေအထားတွင် မရှိကြပါ။ သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်များတွင် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ပေးမည်ဆိုလျှင် တစ်မျိုး သို့မဟုတ်ပါက ဤလွှတ်တော်က အလေးအနက်ထားပြီး ဦးတီခွန်မြတ် တင်သွင်းသည့်အတိုင်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုပြဋ္ဌာန်းဖို့ အလွန်လိုအပ်နေပါသည်။ ဤဥပဒေပြဋ္ဌာန်းခြင်းအားဖြင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို များစွာအကျိုးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ ၁၂-၇-၂၀၁၂ နေ့ကတင်သွင်းသွားတဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ မေလ လွှတ်တော်အစည်းအဝေးရပ်နားချိန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်း တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီဝင်များ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နယ်လှည့်ကွင်းဆင်းပြီး သွားခဲ့စဉ်က တိုင်းရင်းသားများမှတင်ပြလာကြတဲ့ ပြည်နယ်တိုင်းရင်းသားများ ပြည်မနှင့်တန်းတူ အခွင့်အရေးမရရှိသည့်ကိစ္စက အရေးကြီးကိစ္စအဖြစ် ပါဝင်လာသည်ကို တွေ့ရှိရပါတယ်။ ယင်းကိစ္စမှာ ယခုအဆိုနှင့်လည်း တိုက်ရိုက်ဆက်နွယ် ပတ်သက်နေပါတယ်။ တိုင်းရင်းသားများအနေနှင့် ယခုလိုအခွင့်အရေး တောင်းဆိုနေမှုဟာ မတောင်းသင့်တဲ့ကိစ္စ မဖြစ်နိုင်တဲ့ကိစ္စကို တောင်းဆိုနေတာမဟုတ်ပါဘူး။ ရသင့်ရထိုက်တာကိုမရရှိလို့ တောင်းဆိုနေရခြင်းဖြစ်ပါတယ်။ အမှန်စင်စစ် အခွင့်အရေးကတောင်းဆိုစရာမလိုတဲ့ တိုင်းရင်းသားများရဲ့မွေးရာပါ အခွင့်အရေးဖြစ်ပါတယ်။ တိုင်းရင်းသားများရဲ့ အခွင့်အရေးနှင့် ပတ်သက်ပြီးတော့ အခြေခံအကျဆုံးဖြစ်တဲ့ ပင်လုံစာချုပ်ကိုမဖော်ပြဘဲ နေလို့မရပါဘူး။ အဲဒါကြောင့် ပင်လုံစာချုပ်ရဲ့ အဓိကအကြောင်း အခြေခံသဘောကိုအနည်းငယ်ထည့်သွင်း ဖော်ပြလိုပါတယ်။ ပင်လုံစာချုပ်လက်မှတ်မရေးထိုးခင် အင်္ဂလိပ်အစိုးရမှ တောင်တန်းဒေသ ကိုယ်စားလှယ်များအား ပြည်မဗမာနှင့်မပေါင်းရန် ဗမာနှင့်ပေါင်းပါကနိုင်ငံရေး၊ စီးပွားရေးတန်းတူအခွင့်အရေး ဘယ်တော့မှ ရမှာမဟုတ်ကြောင်း၊ အင်္ဂလိပ်လက်အောက်တွင် ဆက်လက်နေပါက အခွင့်အရေးများ ပေးမည့်အပြင် ကားလမ်း၊ လေယာဉ်ပျံကွင်းများ တည်ဆောက်ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း စည်းရုံးခဲ့ကြပါတယ်။ အင်္ဂလိပ်စည်းရုံးမှုကောင်းသဖြင့် တိုင်းရင်းသားကိုယ်စားလှယ်များ အင်္ဂလိပ်လက်အောက်တွင် ဆက်လက်နေထိုင်လိုကြောင်း ဆုံးဖြတ်ချက်ပေးရန်သဘောတူခဲ့ကြပါတယ်။

သို့သော် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခါနီးရက်ပိုင်းအလို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရောက်ရှိလာပြီး တိုင်းရင်းသားကိုယ်စားလှယ်များကို တွေ့ဆုံစည်းရုံးတဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပင်ကိုယ်အရည်အသွေး၊ ရိုးသားမှု၊ မျိုးချစ်စိတ်ရှိမှုတိုင်းရင်းသားများပေါ် စေတနာမှန်ထားရှိမှုတို့ကို မြင်တွေ့ကြရပြီး၊ ဗိုလ်ချုပ်အပေါ် ယုံကြည်အားထားမှုရှိခဲ့သဖြင့် အင်္ဂလိပ်အစိုးရလက်အောက်တွင် နေလိုကြောင်းဆုံးဖြတ်ချက်ပေးရန် ၎င်းတို့၏ သဘောတူညီချက်အား ပြန်ဖျက်ပြီး ဗမာနှင့် ပူးပေါင်း၍ လွတ်လပ်ရေးရယူရန် ဆုံးဖြတ်ခဲ့ကြပါတယ်။ သို့ဖြင့် ဗမာနှင့် တောင်တန်းနယ်တိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူအခွင့်အရေးရရမည်ဟူသော မျှော်လင့်ချက်များဖြင့် တိုင်းရင်းသားများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ပါတယ်။ ပင်လုံစာချုပ်ဝင် ချင်းတိုင်းရင်းသားကိုယ်စားလှယ် ဦးကီယိုမန်း၊ ဟားခါး ပင်လုံစာချုပ်လက်မှတ်ရေး

ထိုးရေး ဆွေးနွေးခဲ့ကြစဉ်ပြောကြားခဲ့သောစကားကို အင်္ဂလိပ်လိုရေးသားထားသည့် အတိုင်းဖော်ပြပါတယ်။ If we are rule by ourself with own language, culture and custom, we are willing to form union with Burma proper ဟုဖြစ်ပါတယ်။ ပင်လုံစာချုပ်တွင် ရှမ်း၊ ကချင်၊ ချင်းတို့သည် ဗမာနဲ့အတူ ဗြိတိသျှကျွန်သဘောက်ဘဝမှ ရုန်းထွက်ပြီးလွတ်လပ်၍ တန်းတူသော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံသစ်ဘဝကို ထူထောင်ကြရမည်။ ထူထောင်လတ္တံ့သောပြည်ထောင်စု မြန်မာနိုင်ငံတွင် ပြည်နယ်များသည် ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်အပါအဝင် အမျိုးသား ကိုယ်ပိုင် ပြဋ္ဌာန်းပိုင်ခွင့်များကို အပြည့်အဝရရှိခံစားစေရမည်ဟု ချုပ်ဆိုခဲ့ကြပါတယ်။ သို့သော် လွတ်လပ်ရေးရပြီး ယနေ့ထိတိုင်တိုင်းရင်းသားများ ပြည်မနှင့်တန်းတူအခွင့်အရေးမရရှိပါဘူး။ အဓိက ၃ ချက်ပဲ ဖော်ပြပါမယ်။ (၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂(က) တွင်ပြဋ္ဌာန်းထားသည့် အတိုင်း တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများ စသည်များဖွံ့ဖြိုးတိုးတက် စေရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့လိုနေပြီဖြစ်ပါတယ်။ (၂) မြန်မာနိုင်ငံကို ပြည်နယ် ၇ ခု၊ တိုင်းကြီး ၇ ခု၊ စုစုပေါင်း ပြည်နယ်/တိုင်း ၁၄ ခုဖြင့် ဖွဲ့စည်းထူထောင်ထားပါတယ်။ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးရာထူးဌာနများတွင် အညီအမျှမခန့်ထားရင်တောင်မှ ပြည်နယ် တိုင်းရင်းသားများ သုံးပုံတစ်ပုံခန့်ပါသင့်ပါတယ်။ တိုင်းရင်းသားများထဲမှ ဝန်ကြီးအဆင့်လုပ်နိုင်သူ အရည်အချင်းရှိသူများလည်း ရှိကြပါတယ်။ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးရေ ၇၀ ခန့်မှာ ပြည်နယ်တိုင်းရင်းသားများ ဘယ်နှစ်ယောက်ပါဝင်လို့လဲ (၃) တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့် မသတ်မှတ်ဘဲ အဆင့်နိမ့်သတ်မှတ်ထားပါတယ်။ ယင်းကိုကြည့်ခြင်းအားဖြင့် ပြည်နယ်တိုင်းရင်းသား များ တန်းတူအခွင့်အရေး မရှိသည်ကိုထင်ရှားစွာတွေ့မြင်နိုင်ပါတယ်။ ပြည်နယ်တိုင်းရင်းသားများ အုပ်ချုပ်ရေး အဆင့်မြင့်ရာထူးများတွင် ရရှိနိုင်ရန် အခွင့်အလမ်းမရှိ၊ မျှော်လင့်ချက်မရှိဖြစ်နေပါတယ်။ ပြည်နယ်တိုင်းရင်းသားများ တန်းတူအခွင့်အရေးပေးရန်မှာ ခက်ခဲသောအရာအဖြစ် မြန်မာနိုင်ငံတွင် ယနေ့တိုင်ရှိနေသေးသည်ကို တွေ့ရှိရပါတယ်။ အဆိုတင်သွင်းသွားသူ ဦးတီခွန်မြတ်ရဲ့ ဖော်ပြချက် အတိုင်း ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံများမှာလူနည်းစု တိုင်းရင်းသားများကို အခွင့်အရေး အပြည့်အဝ ပေးထားသည်ကို တွေ့ရှိရပါတယ်။ ဥပမာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်တစ်ဆက်တစပ်တည်းဖြစ်တဲ့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ချင်းပြည်နယ်ဟာဆိုရင် လူမျိုးနွယ်စုတစ်ခုတည်းဖြစ်ပေမယ့် ဖွံ့ဖြိုး တိုးတက်မှု၊ လူနေမှုအဆင့်အတန်းဟာ အလွန်ပဲကွာခြားနေပါတယ်။ မြန်မာနိုင်ငံဟာ ယခုအခါ

ဒီမိုကရေစီစနစ်နှင့်အညီ ပြည်သူကရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ရှိလာပြီဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်အတန်းနောက်သို့လိုက်နိုင်မည့် ခေတ်မီ ဒီမိုကရေစီခေါင်းဆောင်ကြီးများလည်းပေါ်ထွန်းလာကြပြီဖြစ်၍ အလွန်ပဲ အားတက်မိပါတယ်။

သို့ပါ၍ နိဂုံးချုပ်အားဖြင့် ယခုအခါ ခေတ်ပြောင်းဒီမိုကရေစီစနစ်သို့ ရောက်ရှိပြီးဖြစ်ပါသဖြင့် စနစ်ဟောင်းမှ အယူအဆအခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီး ပြည်နယ်တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိရေး တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးဟာ အထူးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်ရန်လိုအပ်ပါကြောင်းနှင့် တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိနိုင်မှသာ နိုင်ငံတော်ကြီးမှာငြိမ်းချမ်း၍ ဖွံ့ဖြိုးတက်ပြီး သာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်မည်မှာ မလွဲဧကန်ဖြစ်ကြောင်း ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်တင်ရွှေ(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦကျော်တင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် အဆိုပြုထားသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုကို ဆွေးနွေးထောက်ခံအကြံပြုသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားများရဲ့ အခွင့်အရေးနှင့်ပတ်သက်ပြီး စံပြုတိုင်းတာမည်ဆိုပါက အခြေခံလူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ အဆင့်အတန်းကွာခြားခြင်းကြောင့် ယနေ့တိုင် တောင်းဆိုမှုများရှိနေရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ တိုင်းရင်းသားလူမျိုးအသီးသီးမှာ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းစဉ်လာကောင်းများ ကိုယ်စီကိုယ်ငှရှိကြပြီးဖြစ်တဲ့အတွက် ၎င်းအစဉ်အလာများ အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားများရဲ့ မွေးရာပါတာဝန်များပင် ဖြစ်ပါတယ်။ အခြေခံလူမှုစီးပွားရေးများ မကောင်းတဲ့အတွက် မိမိတို့ရဲ့

ကိုယ်ပိုင်အမွေအနှစ်များ ထွန်းလင်းတောက်ပအောင် မဆောင်ရွက်နိုင်ကြတာကိုလည်း တွေ့မြင်ခဲ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်၏ မြို့ပြ၊ ကျေးလက်နေပြည်သူများ အဆင့်အတန်း ကွာဟမှု နည်းသထက်နည်းပါးအောင် ဆောင်ရွက်နေသည့် မူဝါဒသဘောအရ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးရာ ကိစ္စအဝဝအားလုံး တစ်ပြေးညီ ခံစားခွင့်ရရှိ မည်ဆိုပါက ယခု တိုင်းရင်းသားရေးရာပြဿနာများ ချုပ်ငြိမ်းသွားမည်ဟု ယုံကြည်ယူဆမိပါတယ်။ ဒီပြဿနာများကို ပြေလည်အောင်ဆောင်ရွက်ဖြေရှင်းပေးမယ့် တာဝန်များဟာ ယနေ့လွှတ်တော် အသီးသီးမှာ တက်ရောက်နေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များပဲ ဖြစ်တယ်လို့ခံယူပါတယ်။ အတိတ်ကာလက ပဒေသရာဇ်စနစ် လွှမ်းမိုးခဲ့သော အတွေးအခေါ်အမြင်များနဲ့ ယနေ့ ဒီမိုကရေစီစနစ် လုပ်နည်းလုပ်ဟန်များမှာ လွန်စွာကွာဟနေပြီဆိုတာ ကိုယ်စားလှယ်များအားလုံးမှ သိမြင်ပြီးသား ဖြစ်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ ဒါကြောင့် အတိတ်ကိုမျှော်မှန်းလွမ်းဆွတ်နေမည့်အစား ယနေ့ဖြစ်ပေါ်နေတဲ့ တိုင်းရင်းသားများရဲ့ အခက်အခဲများအတွက် ဘာလုပ်သင့်တယ်ဆိုတာ အဖြေရှာကြရန် လိုအပ်ကြောင်း ဆွေးနွေးလိုပါတယ်။ မိမိတို့ရဲ့ ရိုးရာအမွေအနှစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြံဆောင်ကြသလို တိမ်ကောပျောက်ကွယ်လုပြီဖြစ်တဲ့ အခြားတိုင်းရင်းသားမျိုးနွယ်စုငယ်များကိုလည်း ဝိုင်းဝန်း မြေတောင်မြှောက်ပေးရန်အတွက် ၎င်းတို့၏လိုအပ်ချက်အခွင့်အရေးများကို အဖြေရှာပြီး ဥပဒေပြဋ္ဌာန်း အမြန်ဆောင်ရွက်သင့်တယ်လို့ ထင်မြင်မိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စာပေသည် လူမျိုးတစ်မျိုး၏ သမိုင်းကြောင်းကို ဖော်ထုတ်ပေးနိုင်ပြီး ထိုလူမျိုးများရဲ့ မျိုးဆက်မပျက်ယွင်းအောင် ထိန်းသိမ်းပေးနိုင်ပါတယ်။ တိုင်းရင်းသားများရဲ့ အစဉ်အဆက် ထိန်းသိမ်းမြှင့်တင်လာခဲ့တဲ့ စာပေများကို အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်များသို့ ပြန်လည်ဖြန့်ဝေပေးနိုင်မှသာ အဓွန့်ရှည်တည်တံ့သော လူမျိုးအဆက်ဆက်အဖြစ် တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မြန်မာစာသည်ရုံးသုံးစာဟု အတည်ပြုပြဋ္ဌာန်းပေးထားသော်လည်း တိုင်းရင်းသားလူနည်းစုများ၏ စာပေများကို တန်ဖိုးထားမြှင့်တင်သောအားဖြင့် ကျောင်းသင်ခန်းစာများတွင် ဒေသအလိုက် တိုင်းရင်းသားစာပေများ သင်ကြားနိုင်ရန် ဥပဒေများပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ သင်ကြားချိန်၊ သင်ကြားပေးမည့် ဆရာ ဆရာမများ၏ ထောက်ပံ့စရိတ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များအတွက် လိုအပ်ချက်များကို နိုင်ငံတော်မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်စသည့်အချက်များ ပြည့်စုံစွာဖော်ပြပေးခြင်းဖြင့် တိုင်းရင်းသားများ သံသယပျောက်ပြီး

ဘဝမှန်သို့ ဧကန်မလွဲရောက်ရှိမည်ဟု ယုံကြည်ပါတယ်။ တိုင်းရင်းသားများအလိုက် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများကို ဒေသအလိုက် မှတ်တမ်းပြုစုပြီး မြန်မာနိုင်ငံတော်အစိုးရ မော်ကွန်းတိုက်တွင် သိမ်းဆည်းမှတ်တမ်းတင်ပေးရန်နဲ့ လိုအပ်ပါက အသုံးပြုလေ့လာခွင့်ပေးရန်လည်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် ရှမ်းလူမျိုးတိုင်းရင်းသားတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော် ဟာ ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြတဲ့ဒေသများမှာ နှစ်သစ်ကူးအခါသမယ ရောက်တိုင်း မင်္ဂလာရှိစေရန် မိမိတို့စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံများ ပိုမိုတိုးပွားရန်၊ ကျန်းမာရွှင်လန်းပြီး သားစဉ် မြေးဆက်အထိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်ပြီး ရှမ်းနှစ်သစ်ကူးနေ့ကို နှစ်စဉ် နတ်တော်လဆန်းတစ်ရက်နေ့ရောက်တိုင်း ရှမ်းပြည်နယ်အနှံ့ ဒေသအသီးသီးတွင် နေထိုင် ကြတဲ့ တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါတယ်။ ထိုနှစ်သစ်ကူးကျင်းပသော နေ့ရက်တစ်ရက်ကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခြင်းအားဖြင့် ရှမ်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှုကို အားပေးအားမြှောက်စေသည့်အပြင် အခြားတိုင်းရင်းသား များ၏ နေ့ထူးနေ့မြတ်များကိုလည်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးမည်ဆိုပါက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူရရှိမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်ရဲ့တိုင်းရင်းသား လူမျိုးများအခွင့် အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုမှာ တိုင်းရင်းသားလူမျိုး အသီးသီး၏ ပျော်ရွှင်ချမ်းမြေ့သောအနာဂတ်ဘဝဆီသို့ လက်တွဲဖော်ဆောင်သွားမည့် အဆိုဖြစ်ပါသဖြင့် လေးလေး နက်နက်ထောက်ခံပါကြောင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေဖြင့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အတိတ်ဆိုတာ မမေ့ကောင်းတဲ့အရာပါ။

အတိတ်ကို သင်ခန်းစာယူပြီး အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်မတို့တွေဟာ လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ကိုလိုနီနယ်ချဲ့တို့ရဲ့ ကျူးကျော်မှုတွေကြောင့် ၁၈၈၅ ခုနှစ်မှာ နိုင်ငံတော်ရဲ့အာဏာ လုံးဝလက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ပြည်သူအပေါင်းတို့ရဲ့ စည်းလုံးညီညွတ်မှုစွမ်းအားတွေကြောင့် နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲတွေမှာ အသက်ပေါင်းများစွာစတေး၍ ဆင်နွှဲခဲ့ကြသောကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်အဖြစ် ပြန်လည် ရပ်တည်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်ရှင်။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ပီပြင်စွာမကျင့်သုံးနိုင်ခဲ့တဲ့အတွက် တိုင်းရင်းသားများဟာ မိမိတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးများဆုံးရှုံးခဲ့ ရပါတယ်။ ဒီကိုယ်ပိုင်အခွင့်အရေးဆုံးရှုံးခဲ့တဲ့အတွက် ဝိရောဓိမှတစ်ဆင့် ပဋိပက္ခအဖြစ်အသွင် ကူးပြောင်းလာခဲ့ပါတယ်။ ယနေ့ တိုင်းရင်းသားများရဲ့ပဋိပက္ခဟာ ဖြစ်ပေါ်နေသည်မှာ နှစ်ပေါင်း အားဖြင့် ၆ဝ ကျော်လာပြီဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီတိုင်းရင်းသားများရဲ့ ပဋိပက္ခရှိနေသရွေ့ စစ်မှန်သောဒီမိုကရေစီကို ရရှိနိုင်မှာ မဟုတ်ပါဘူးရှင်။ စစ်မှန်သော ဒီမိုကရေစီမရရှိနေသရွေ့ တိုင်းရင်းသားများရဲ့ထာဝရငြိမ်းချမ်းရေးကို လည်းဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူးရှင့်။ စစ်မှန်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ဖို့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ အပိုဒ်ခွဲ (ဃ)မှာ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရမည် ဟုပါရှိပြီးဖြစ်ပါတယ်ရှင့်။ ဒါ့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လှေကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ ရွက်အကုန်လွှင့်တက်စုံကာ ချီနိုင်တက်နိုင်ဖို့အတွက် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆို အချိန် တန်ပြီဖြစ်ပါကြောင်း ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက ရှမ်းပြည်နယ်၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်

ဥပဒေပြဋ္ဌာန်းရေးအဆိုကို နိုင်ငံသားများနှင့် တိုင်းရင်းသားများအတွက် အထူးအလေးထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပြည်နယ် ၇ ခုနှင့် တိုင်းဒေသကြီး ၇ ခုဖြင့် ဖွဲ့စည်းထားပါတယ်။ ပြည်နယ်များမှာ တိုင်းရင်းသားကို အခြေခံသော ပြည်နယ်များ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံသား ဥပဒေမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ကို တိုင်းရင်းသားအဖြစ် သတ်မှတ်ထားပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ခု ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒါကတော့ ၁၉၄၇ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ယခု ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေတို့ ဖြစ်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေတိုင်းမှာ တိုင်းရင်းသားလူမျိုး များရဲ့ အခွင့်အရေးများကို အရေးကြီးတဲ့အခြေခံမူအဖြစ် ပြဋ္ဌာန်းထားပေမယ့် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးတဲ့ ဥပဒေမျိုးတစ်ခါမှ မပေါ်ထွက်လာတာကို အလွန်အံ့ဩဖွယ် တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပါတဲ့ အခြေခံမူများဟာ ဥပဒေရေးဆွဲ ရာမှာ အခြေခံရမယ့်မူများသာ ဖြစ်လို့ ဥပဒေအဖြစ်မပြဋ္ဌာန်း၊ မကျင့်သုံးသေးသရွေ့ တိုင်းရင်းသားများကို အကာအကွယ်မပေးနိုင်သေးပါဘူးရှင်။ မူအရ ပေးကားပေး၏ မရဆိုတဲ့သဘော ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အချို့သော ပုဂ္ဂိုလ်များက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မူအဖြစ်နှင့်ပါပြီးဖြစ်လို့ ဥပဒေ အဖြစ် ပြဋ္ဌာန်းရန်မလိုအပ်တော့ဘူးလို့ ယူဆကောင်းယူဆနေမှာပါ။ ဒါက လုံးဝမသင့်လျော်တဲ့ အယူအဆဖြစ်ကြောင်း တိုင်းရင်းသားများရဲ့ လိုအင်ဆန္ဒစိတ်ခံစားမှုကို လစ်လျူရှုရာရောက်ကြောင်း တင်ပြပါရစေရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေရေးဆွဲရေးရဲ့ သဘောသဘာဝအရ ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ ချမှတ်ထားတဲ့မူကို အခြေခံ၍ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရပါတယ်။ နောက်ပြီးတော့ အဲဒီဥပဒေနှင့် စပ်လျဉ်းတဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အခိုင်အမာကျင့်သုံးမှ ဥပဒေတစ်ခုအဖြစ် စတင်အသက်ဝင်လှုပ်ရှားလာမှာ ဖြစ်ပါတယ်ရှင်။ အဲဒီအချိန်ကျမှ နိုင်ငံတော်၊ နိုင်ငံသားနှင့် တိုင်းရင်းသားများကို ကာကွယ်နိုင်တဲ့ ဥပဒေဖြစ်လာမှာပါရှင်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းရင်းသားပေါင်း မြောက်မြားစွာ မှီတင်းနေထိုင်ရာ ကျွန်မတို့မှာ အိမ်နီး ချင်းနိုင်ငံများမှာ တိုင်းရင်းသားတို့ရဲ့ အခွင့်အရေးမဆုံးရှုံးရအောင် အလေးထားကာကွယ်တာကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းရင်းသားလူမျိုးစုများရဲ့ အခွင့်အရေးနှင့်စပ်လျဉ်းတဲ့ ဥပဒေရေးဆွဲသလို

အဲဒီဥပဒေကို အကောင်အထည်ဖော်တဲ့ လူမျိုးစုရေးရာကော်မရှင် သို့မဟုတ် တိုင်းရင်းသားရေးရာဝန်ကြီးဌာနထားရှိပြီး အခိုင်အမာကာကွယ်ထားတာကို လေ့လာတွေ့ရှိရပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံမှာကော တိုင်းရင်းသားများကို ကာကွယ်တဲ့ဝန်ကြီးဌာန ဥပဒေမရှိဘူးလားလို့ မေးစရာရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီရှိပါတယ်။ ဒီကော်မတီမှာ တိုင်းရင်းသားများ ပါဝင်မှုအားနည်းလို့ တိုင်းရင်းသားများရဲ့ စစ်မှန်သောလိုအင်ဆန္ဒကို အကောင်အထည်မဖော်နိုင်ခဲ့ပါဘူးရှင်။

ယခုခေတ်ကာလမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တိုင်းရင်းသားရေးရာဝန်ကြီးများရှိသော်လည်း အဆိုပါဝန်ကြီးများရဲ့တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေး အနည်းအကျဉ်းသာရှိပြီး တိုင်းရင်းသားအရေးကိစ္စကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ လုံလောက်တဲ့ဥပဒေနှင့် ဝန်ကြီးဌာနမရှိပါဘူး။ အခြားသော ဝန်ကြီးဌာနများကဲ့သို့ မိမိတို့စီမံခန့်ခွဲရမယ့် ဥပဒေများပြဋ္ဌာန်းထားခြင်းလည်း မရှိပါဘူး။ ဒါကြောင့် ဒီတိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ဝန်ကြီးဌာနများက တိုင်းရင်းသားများကို အကာအကွယ်ပေးနိုင်တဲ့ အနေအထားမရှိကြောင်း လေ့လာသုံးသပ်မိပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေအခိုင်အမာမရှိခဲ့လို့ ဘေးရန်အသွယ်သွယ်ကို ရင်ဆိုင်ခဲ့ရပြီး အချုပ်အခြာအာဏာထိပါးမှု ရှိလာတတ်ပါတယ်။ ဒီဥပဒေမရှိခြင်းရဲ့ အကျိုးဆက်ကြောင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုပျက်ပြားခြင်း၊ မျိုးချစ်စိတ်ဓာတ် လျော့နည်းလာခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုနည်းပါးလာခြင်း၊ အုပ်ချုပ်သူလူတန်းစားများအပေါ် အုပ်ချုပ်ခံရသူများက အယုံအကြည်ကင်းမဲ့လာခြင်း၊ တိုင်းရင်းသားများက နိုင်ငံတော်အပေါ် သံသယစိတ်များ ပွားများလာခြင်းစသည်တို့ ဖြစ်ပေါ်လာစေပါတယ်ရှင့်။ အခြားသောနိုင်ငံများမှာ တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ဥပဒေအဖြစ်ပြဋ္ဌာန်းပြီး အပြည့်အဝကာကွယ်ပေးလို့ ဒီအန္တရာယ်နဲ့ ကင်းဝေးပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ လူဦးရေသန်း ၆၀ ကျော် ရှိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အလုပ်အကိုင်ရှားပါးမှုကြောင့်သော်လည်းကောင်း၊ နယ်မြေအေးချမ်းမှု မရှိ၍သော်လည်းကောင်း၊ ဖြတ်လေးဖြတ်ကြောင့်သော်လည်းကောင်းစတဲ့ အကြောင်းအမျိုးမျိုးကြောင့် ကျွန်မတို့ နိုင်ငံသားများ၊ တိုင်းရင်းသားများဟာ တခြားသော နိုင်ငံသို့ အလုပ်လုပ်ကိုင်သူ အဖြစ်၊

ဒုက္ခသည်အဖြစ် စီးဝင်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံကို ရောက်နေတာ တရားဝင်တာရော၊ မဝင်တာရော အပါအဝင် ၂ သန်းခန့်ရှိကြောင်း ကြားသိခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ထောင်စု လူဦးရေစာရင်းပဲ ရှိပြီး လူမရှိတဲ့ အခြေအနေနှင့် လက်တွေ့ကြုံတွေ့နေရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံသား များ၊ တိုင်းရင်းသားများ အိမ်နီးချင်းနိုင်ငံသို့ စီးဝင်နေတဲ့နည်းတူ၊ တခြားသော အိမ်နီးချင်းနိုင်ငံများ ဖြစ်တဲ့ တရုတ်၊ ဘင်္ဂလားဒေ့ရှ်စသော နိုင်ငံများမှ နိုင်ငံခြားသားများက တရားဝင်ရော၊ တရားမဝင်ပါ ဝင်ရောက်လာကာ မြန်မာနိုင်ငံမှာ လိမ္မာပါးနပ်စွာ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းဝါနု တခြားနိုင်ငံရဲ့ နိုင်ငံရေးအတိအကျ ဖော်ပြဆွေးနွေးတာ စည်းကမ်းနှင့် မလွတ်ကင်းပါဘူး။ သတိပေးပါတယ်။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ရှင့်။ ကျွန်မက တခြားသော အိမ်နီးချင်း နိုင်ငံများလို့ပဲ သုံးပါမယ်။ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်ကို မထည့်တော့ပါဘူးရှင့်။ တခြားသော အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားသားများက တရားဝင်ရော၊ တရားမဝင်ပါ ဝင်ရောက်လာကာ မြန်မာနိုင်ငံမှာ လိမ္မာပါးနပ်စွာနေရာယူ နေထိုင်လာခဲ့ကြပါတယ်။ ကျွန်မတို့သတိပြုရမှာက မြန်မာနိုင်ငံ သားများ မြန်မာနိုင်ငံမှာ နည်းပါးလာပြီး နိုင်ငံခြားသားများက ပိုများလာလို့ အမျိုးသားရေးအန္တရာယ် အဖြစ် အသွင်ပြောင်းလာနေပါတယ်။ အချုပ်အခြာအာဏာကို ထိပါးလာမှာ စိုးရိမ်နေရတဲ့ အခြေအနေ ဖြစ်နေပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံတော်အတွက်၊ နိုင်ငံသားများအတွက် တိုင်းရင်းသားများအတွက်၊ အထူးအကာအကွယ်ပေးရမယ့် အခြေအနေဖြစ်နေပါတယ်။ တိုင်းရင်းသား များရဲ့ အခွင့်အရေးကို အခိုင်အမာ ကာကွယ်ပေးခဲ့တဲ့ ဥပဒေမရှိခဲ့လို့ တိုင်းရင်းသားဒေသက ပြည်သူ တွေ အလွန်နစ်နာခဲ့ ရပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်တဲ့ အရေးအခင်းကို ကျွန်မတို့ သင်ခန်းစာယူရမှာ ဖြစ်ပါတယ်ရှင်။ တိုင်းရင်းသားများရဲ့စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များကို ဥပဒေအဖြစ်ပြဋ္ဌာန်း၍ အခိုင်အမာ လိုက်နာကျင့်သုံးရင် တိုင်းရင်းသားများနှင့် အပြန်အလှန် ယုံကြည်မှု တည်ဆောက်ရာ ရောက်မှာပါရှင်။ အဲဒီကနေ တစ်ဆင့် ထာဝရငြိမ်းချမ်းရေး နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်ရှင့်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲမှာပါတဲ့ မူများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၊ တိုင်းရင်းသားများရဲ့ အကျိုးစီးပွားအတွက် မူအဖြစ်သာမက ဥပဒေအဖြစ် အခိုင်အမာ ပြဋ္ဌာန်းကျင့်သုံးဖို့လိုအပ်ကြောင်း အစိုးရနှင့် လွှတ်တော်အား တိုက်တွန်းရင်း ရှမ်းပြည်နယ်၊ ကွတ်ခိုင်

မဲဆန္ဒနယ်က ဦးတီခွန်မြတ်ရဲ့အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၁း၄၅ မိနစ်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားများအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၁ း ၄၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခမ်းအနားအစီအစဉ်များပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တင်သွင်းသွားတဲ့ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့် ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာဆိုရင် နိုင်ငံသားများရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး အတိအလင်းပြဋ္ဌာန်းထားတာရှိပါတယ်။ သို့ပေမယ့် ကျွန်တော်တို့တိုင်းရင်းသားများဖြစ်တဲ့ နိုင်ငံသားတွေဟာ အခြား

နိုင်ငံသားများကဲ့သို့ တန်းတူညီတူအခွင့်အရေးမရယူနိုင်ကြတာကို ကျွန်တော်တို့ ဝမ်းနည်းဖွယ်တွေ့နေရပါတယ်။ ကျွန်တော် ကျိုင်းတုံဒေသမှာနေတဲ့အတွက် ကျိုင်းတုံနဲ့ပတ်သက်တဲ့ကိစ္စလေးကို ခိုင်းနှိုင်းပြီး နှိုင်းယှဉ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ကျိုင်းတုံဒေသမှာဆိုရင် ကျောက်မီးသွေး၊ ခနောက်စိမ်း၊ မဂ္ဂနီစီယမ်အောက်ဆိုဒ်စတဲ့ သတ္တုတွေအများအပြားထွက်ရှိတယ်လို့ ကြားသိရပါ တယ်။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းရင်းသားများနဲ့တော့ လားလားမှမဆိုင်သလိုဖြစ်နေပါတယ်။ ပညာ တတ်တယ်။ ဓနအင်အားရှိတယ်ဆိုတဲ့ အခြားနိုင်ငံသားများကသာ အကျိုးခံစားစီးပွားတိုးတက် နေတာကို ကျွန်တော်တို့ ဝမ်းနည်းဖွယ်တွေ့နေရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်း သားများဟာ ဆင်းရဲခြင်းဒုက္ခကနေ ဖြတ်လမ်းကလိုက်တဲ့အနေနဲ့ မူးယစ်ဆေးဝါးတွေစိုက်ပျိုးတယ်။ ရာသီဥတု ဖောက်ပြန်ခြင်း၊ သက်ဆိုင်ရာတရားဝင်ဖျက်ခြင်းကြောင့် ဒုက္ခရောက်တယ်။ ငွေကြေးချေးငှားပြီးတော့ စီးပွားရေးလုပ်တယ်။ ကုန်ကူးတယ်။ အဖမ်းခံရတယ်။ ဥပဒေဘယ်လောက် အတိမ်အနက်ရှိတာကို နားမလည်ကြဘူး။ ရုံးတော်ရောက်တဲ့အခါကျမှ အကန့်အသတ်မရှိ ထောက်ဒဏ်ကျ နိုင်တယ်ဆိုတာ သိလာတဲ့အခါမှာ ရှိသမျှစည်းစိမ်တွေ၊ လယ်တွေ၊ ယာတွေ၊ ကျွဲနွားတွေရောင်းချပြီး ပြစ်ဒဏ်သက်သာ ရေးအတွက် ကြိုးစားရင်း မိသားစုစီးပွားရေးပိုပြီးနစ်မွမ်းသွားခဲ့ရတဲ့ သာဓကမျိုးကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ စိတ်ထောင်းတော့ကိုယ်ကြေ သားသမီးများကိုလည်းပဲ နောက်ဆုံးအဆင့်မှာ လူကုန်ကူးခံရမှုကို ခံနေရတာကိုတွေ့နေရပါတယ်။ ဘယ်မိဘကမှ ကိုယ့်ရဲ့သားသမီးကို လူကုန်ကူးခံ ရဖို့အတွက် ကျေကျေနပ်နပ်ပေးကြမှာမဟုတ်ပါဘူး။ ဒါပေမယ့် မတတ်နိုင်တဲ့အဆုံး ကြိတ်မှိတ်ပြီး ပေးနေရတယ်ဆိုတာ ကျွန်တော်တို့ ကြားသိနေရပါတယ်။ ဒါဟာ ဆင်းရဲခြင်း၊ စီးပွား မတိုးတက်ခြင်း၊ မဖွံ့ဖြိုးခြင်း၊ တိုင်းရင်းသားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေ မရှိသေးတဲ့အတွက် ဒီလိုခံစားနေရတယ်ဆိုတာကို ကျွန်တော်သုံးသပ်မိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားနှင့်တိုင်းရင်းသားဆိုတာကို ကွဲကွဲပြားပြား နားလည်ပြီး တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်တဲ့ဥပဒေ ပြဋ္ဌာန်းသင့် တယ်ဆိုတာကို ကျွန်တော်ဆွေးနွေးလိုပါတယ်ခင်ဗျား။ တိုင်းရင်းသားလူမျိုးများဟာ နိုင်ငံသားဖြစ်ကြ ပေမယ့် နိုင်ငံသားတိုင်းကတော့ တိုင်းရင်းသားမဖြစ်ပါဘူး။ နိုင်ငံသားဆိုတာ ဧည့်နိုင်ငံသား နိုင်ငံသား ပြုမှုဥပဒေတစ်ရပ်ရပ်မှာ အကျုံးဝင်လို့ဖြစ်လာတဲ့ နိုင်ငံသား၊ သူတို့ဟာတိုင်းရင်းသားမဟုတ်ကြပါဘူး။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ နဲ့ လုံလောက်မှုမရှိလို့ ပုဒ်မ ၂၂ ကိုပါ ထပ်ဆင့်ပြဋ္ဌာန်း ထားတာကိုကျွန်တော်တို့တွေ့မြင်နိုင်ပါတယ်။ ပုဒ်မ ၂၂ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)မှာ ပြဋ္ဌာန်းတဲ့ဥပဒေရဲ့

နောက်ဆုံး ဝါကျအဆုံးကိုကြည့်မယ်ဆိုလို့ရှိရင် ကူညီဆောင်ရွက်မယ်ဆိုပြီး ပါရှိတာအဆုံးသတ်ထားတာကိုတွေ့ရပါတယ်။ ဒါဟာမကူညီရသေးဘူး။ ကူညီဖို့ ရည်ရွယ်ချက်ရှိတယ်။ ကူညီဖို့လိုသေးတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ သဘောပေါက်နားလည်မိပါတယ်။ ဒီလိုဖော်ဆောင်ရန်ကျန်နေသေးတာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက နည်းဥပဒေ ထပ်ဆင့်ပြဋ္ဌာန်းဖို့လိုနေတယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်ဆွေးနွေးတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ တစ်နိုင်ငံလုံးရဲ့ မြို့အသီးသီးကနေပြီးတော့ ပြည်သူများကနေ ဝိုင်းဝန်းပြီးမဲထည့်ပေးလို့ ကိုယ်စားလှယ်ဖြစ်လာကြတဲ့အတွက် တိုင်းရင်းသားများရဲ့ဆန္ဒကို ဖြည့်စွမ်းဖို့လည်း ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်လို့ ကျွန်တော်အလေးအနက်ခံယူမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လွတ်လပ်ရေးရရှိရေးအတွက် ၁၉၄၇ ခုနှစ်မှာ ပင်လုံညီလာခံကိုကျင်းပခဲ့သော်လည်း ယနေ့ခေတ်ကာလ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိသကဲ့သို့ တိုင်းရင်းသားပေါင်းစုံ ပါဝင်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ လွှတ်တော်ပြင်ပမှာ ဒုတိယပင်လုံညီလာခံဆိုပြီး ကျယ်ကျယ်လောင်လောင်ပြောဆိုနေကြပါတယ်။ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဘယ်လိုလုပ်ဆောင်ရွက်ကြမယ်ဆိုတာတွေဟာလည်း နိုင်ငံတော်ရဲ့အရေးသုံးပါးကို ထိပါးလာမှာစိုးရိမ်မိပါတယ်။ ဒီကနေ့ လွှတ်တော်မှာ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံပါတီပေါင်းစုံပါဝင်တဲ့ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ လွှတ်တော်ကြီးမှာ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနေကြတာကို အားရစရာကောင်းလှပါတယ်။ ကျွန်တော်အမြင်မှာတော့ လွှတ်တော်ထက်ဘယ်ဟာမှ အရေးမပါတော့ဘူးလို့ လေးလေးနက်နက်ခံယူမိပါတယ်ခင်ဗျား။ ဒီလိုဆွေးနွေးရာမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်ပြီးဆွေးနွေးဖော်ပြသင့်ပါတယ်။ ဘယ်တိုင်းရင်းသားက ဘယ်လိုဆင်းရဲတယ်။ ဘာတွေမရဘူးဆိုပြီး ဆွေးနွေးချက်များဟာလည်း အချင်းချင်းအထင်အမြင် လွဲမှားနိုင်တယ်ဆိုတာ သတိပြုနိုင်ဖို့ တင်ပြလိုပါတယ်။ အဆိုရှင်ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းရေးအတွက် အကြံဉာဏ်ကောင်းများ ထည့်သွင်းသင့်တဲ့အချက်များ မည်သည့်အဖွဲ့၊ မည်သည့်ပုဂ္ဂိုလ်ကော်မတီများမှ ရေးဆွဲသင့်ကြောင်း စတဲ့အချက်တွေကိုသာလျှင် အလေးပေးဆွေးနွေးသင့်တယ်လို့ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၂ မှာ ကျွန်တော်တို့နိုင်ငံရေးဥပဒေပြုရေးအာဏာကို မိမိတို့ပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များလက်ဝယ် နိုင်ငံတော်

နှင့်ပြည်သူအများကနေပြီးမှ အပ်နှင်းထားပြီးဖြစ်တယ်လို့ ကျွန်တော် ယူဆမိပါတယ်။ ဘာကြောင့် ကိုယ့်အပေါ်အပ်နှင်းထားတဲ့တာဝန်ကို တခြားသူလက်လွှဲပေးရမလဲ။ အလေးအနက်ထားစဉ်းစား သုံးသပ်သင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၅ ဇယား ၄ မှာ ကျမ်းသစ္စာပြုစဉ်ကအတိုင်း ကျရာတာဝန်ကိုထမ်းဆောင်ရမှာဖြစ်ကြောင်း နားလည်သဘောပေါက်မိပါတယ်ခင်ဗျား။ ဒါကြောင့် ဥပဒေပြုရေးအာဏာကို အပ်နှင်းခံထားရတဲ့ ကျွန်တော်တို့လွှတ်တော်ကြီးဟာ တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းဖို့လိုအပ်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ ဒါမှသာ တိုင်းရင်းသားများ၊ လူမျိုးများရဲ့ အိပ်မက်ဟာ အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁) နိုင်ငံတော်အခြေခံမူများတွင် ပါဝင်သော ပုဒ်မ ၃ တွင် နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် တိုင်းရင်းသားလူမျိုး ပေါင်းစုံရဲ့ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေး၊ လေးစားရေးနဲ့ ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေ၍ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း ထိရောက်စွာဖော်ဆောင်နိုင်ဖို့ နည်းဥပဒေကို ထပ်မံပြဋ္ဌာန်း ဖို့လိုအပ်ပါတယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးတီခွန်မြတ် ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ အဆိုဖြစ်သော တိုင်းရင်းသား များရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေးတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးရယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေး သတ္တမနေ့မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်တင်သွင်းသွားသော တိုင်းရင်းသားလူမျိုးများ၏

အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆွေးနွေးတင်ပြသွားမယ့် အချက်တွေမှာ ဥပဒေပုဒ်မ အချို့ကိုကိုးကားပြီး တင်ပြမှာဖြစ်တဲ့အတွက် စာဖြင့်ကြည့်ရှုဖတ်ကြား တင်ပြခွင့်ပြုပေးပါရန် တောင်းခံအပ်ပါတယ်။ ဒီအဆိုဟာ ပြည်ထောင်စုတစ်နံတစ်လျားမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံးတို့ရဲ့ အခွင့်အလမ်းနှင့်သက်ဆိုင်တဲ့အပြင် တိုင်းရင်းသားလူမျိုးများ၏တူညီကြတဲ့ ဆန္ဒသဘောထားနှင့်လည်း တစ်ထပ်တည်းကျနေတဲ့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးမျှော်လင့်တောင့်တနေကြသော အဆိုကောင်းတစ်ရပ်လို့ ယူဆမိပါတယ်။ အဆိုရှင်တင်ပြသွားတဲ့ အချက်များထဲက တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အရေးကြီးတဲ့ အခြေခံမူအခန်းတွင် ပြဋ္ဌာန်းပါရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ့် ဥပဒေမျိုးမရှိခဲ့တာဟာ ကျွန်တော်တို့နိုင်ငံရဲ့ အားနည်းချက်တစ်ရပ်ပဲလို့ခံယူရမှာဖြစ်ကြောင်း၊ (၁၀၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၆၁/၂၉၅) အရ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းပါ ထုတ်ပြန်ချက်၊ အိမ်နီးချင်းနိုင်ငံနှင့် နိုင်ငံတို့ရဲ့တိုင်းရင်းသားလူမျိုးများ အခွင့်အရေးနှင့်ပတ်သက်ပြီး မည်သို့ဥပဒေပြဋ္ဌာန်းပြီး မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သည်ကို အကျဉ်းချုပ်တင်ပြသွားတဲ့ အပေါ်မှာ လေ့လာသုံးသပ်ကြည့်လျှင် နိုင်ငံဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃ အရ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် အမှန်တကယ်လိုအပ်နေသည်မှာ သိသာထင်ရှားလှပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များမှ တိုင်းရင်းသားဟူတဲ့ စကားရပ်နှင့်စပ်လျဉ်းပြီး အခန်း(၁) မှာ ပုဒ်မ ၃၊ ပုဒ်မ ၆(ခ)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၇(ဂ)၊ ပုဒ်မ ၂၂ (က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၂၈၊ ပုဒ်မ ၄၀(ဂ) တို့တွင် လည်းကောင်း၊ အခန်း(၅)မှာ ပုဒ်မ ၂၆၂ (င)၊ (ဆ)၊ (ဇ)၊ (ဈ)၊ ပုဒ်မ ၂၇၆(ဇ) တို့တွင်လည်းကောင်း၊ အခန်း(၈)မှာ ပုဒ်မ ၃၄၅(က)၊ ပုဒ်မ ၃၅၄(ဃ)၊ ပုဒ်မ ၃၆၅၊ ပုဒ်မ ၃၈၇ တို့တွင်လည်းကောင်း၊ အခန်း(၉) တွင် ပုဒ်မ ၃၉၁ (ဂ)နှင့် အခန်း(၁၁) မှာ ပုဒ်မ ၄၁၇ တို့တွင် ပြဋ္ဌာန်းဖော်ပြပါရှိထားပါတယ်။ အဆိုပါ ပုဒ်မ များဟာ တိုင်းရင်းသားလူမျိုးများအတွက် ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ ပါဝင်ဆောင်ရွက်နိုင်မှုအခွင့်အရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးမည့် အခွင့်အရေး၊ အကျိုးစီးပွားများကို ကာကွယ်ပေးမှုအခွင့်အရေးစသည့် တိုင်းရင်းသားလူမျိုးများရဲ့ ရပိုင်ခွင့်ခံစား

ပိုင်ခွင့် အခွင့်အလမ်းများကို ပြဋ္ဌာန်းပေးထားသော်လည်း ပုဒ်မအများစုမှာ လက်တွေ့၌ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှု အားနည်းနေသည်ကို တွေ့ရှိရပါတယ်။ ဒါဟာ ထိရောက်စွာ အကောင်အထည် ဖော်ပေးနိုင်မယ့် လက်တွေ့ကျင့်သုံးနိုင်သော ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားခြင်း မရှိသေးတဲ့ လိုအပ်ချက်၊ အားနည်းချက်တစ်ရပ်ပဲ ဖြစ်ပါတယ်လို့ သုံးသပ်ရမိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရာမှာ ဥပဒေဖြင့် တိတိကျကျပြဋ္ဌာန်းထားပေးခြင်းမရှိပါက ဆောင်ရွက်ပိုင်ခွင့် အခွင့်အာဏာရှိသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် စိတ်ကောင်းစေတနာကောင်းနှင့် ဆောင်ရွက်သော်လည်း လွဲချော်မှု၊ မှားယွင်းမှုစတဲ့ အားနည်းချက်များ ပါရှိခဲ့ပြီး တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အလမ်းနစ်နာ ဆုံးရှုံးသွားပါက ယုံမှားသံသယစိတ်တွေ ဝင်လာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေနိုင်ပါတယ်။ အတိတ်သမိုင်းက အတွေ့အကြုံနှင့် သင်ခန်းစာကို ပြန်ကြည့်မယ်ဆိုလျှင် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တိုင်းရင်းသားများရဲ့ အခွင့်အရေးနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းပါရှိသော်လည်း လက်တွေ့ကျင့်သုံးဖော်ဆောင်ပေးမည့် ဥပဒေမျိုးမရှိခဲ့တဲ့ အားနည်းချက်ကြောင့် ပြည်ထောင်စုအတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအချို့ဟာ နိုင်ငံတော်အပေါ်မှာ ယုံကြည်မှုကင်းမဲ့ခဲ့ပြီး မကျေလည်မှုများ များလာတဲ့အခါမှာ လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့တဲ့ အခြေအနေအထိ ရောက်ရှိသွားတဲ့အတွက် ယနေ့အထိ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်နေရဆဲကိုလည်း သတိပြုရမယ့်အချက်ပင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း အမိုးအကာတစ်ခုတည်းအောက်ဝယ် သမိုင်းအစဉ်အဆက် အတူတကွယှဉ်တွဲနေထိုင်လာကြတဲ့ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်သည် သမိုင်းတစ်လျှောက်တွင် သွေးကပြောသောစကားကို တိုင်းရင်းသားအားလုံးက တန်ဖိုးထားကာ အရေးကြီးလျှင် သွေးစည်းညီညွတ်ခဲ့ကြတဲ့ သမိုင်းသာဓကများလည်းရှိပါတယ်။ အမိ ပြည်ထောင်စုအတွင်းမှာ တစ်အူတုံဆင်းများပီပီ နိုင်ငံတော်၏ ပကတိအရှိတရားကို မျက်မှောက်ပြုကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားကြရမှာဖြစ်ပြီး အမျိုးသားရေးမူဝါဒ၊ အမျိုးသားရေးတာဝန် တစ်ရပ်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ပန်ဆင်လျက် ကျစ်လျစ်သိပ်သည်းခိုင်မာတဲ့ စည်းလုံးညီညွတ်မှုကို အခြေခံ၍ အေးချမ်းသာယာပြီး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အရေးကြီးပုံကို အသိအမှတ်ပြုခြင်းဖြစ်၍ တိုင်းရင်းသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး အပြန်အလှန်လေးစား တန်ဖိုးထားခြင်းသည်လည်း ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးရာတွင် ရင့်ကျက်မှု၊ အချိန်ကာလနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ ပူးပေါင်းပါဝင်မှုအပေါ်မူတည်၍ ဒီမိုကရေစီရှင်သန်ခိုင်မာလာမည်ဖြစ်ပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ မြှင့်တင်ဖော်ဆောင်ပေးခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတကြီးဦးဆောင်သော နိုင်ငံတော်အစိုးရဟာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးလျက်ရှိရာမှာ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကြီးများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ပေးရာတွင် သိသာထင်ရှားသော အောင်မြင်ဖြစ်ထွန်းမှုများရရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်း ပြောကြားချက်နှင့် လမ်းညွှန်မှာကြားချက်မှာပါတဲ့ တိုင်းရင်းသားအရေးကိစ္စနှင့် စပ်လျဉ်းသော ပြောကြားချက်အချို့ကို ကောက်နုတ်တင်ပြလိုပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ မိန့်ခွန်းပြောကြားရာမှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာ တွေစူးနစ်တဲ့အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိမ်မက်တွေ အားလုံးဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ အားလုံးသမိုင်းပေး တာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်လို့ ထည့်သွင်းပြောကြားသွားပါတယ်။ ဒို့အပြင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို တိုင်းရင်းသားအားလုံး ပိုင်ဆိုင်ကြသည့်အတွက် တန်းတူရည်တူဆက်ဆံမှုနှင့် တန်းတူရည်တူ အခွင့်အရေးရသင့်ပါကြောင်း၊ တိုင်းရင်းသားတို့၏ တူညီသောအဓိကဆန္ဒသည် ပြည်ထောင်စုအတွင်း တိုင်းရင်းသားလူမျိုးစုအားလုံးတန်းတူရည်တူ ဆက်ဆံမှုနှင့် တန်းတူရည်တူညီမျှစွာ အခွင့်အရေးရရှိရေးပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုအလိုက် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုအနုပညာနှင့် ပတ်သက်ပြီး

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၅ တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုး ထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့်ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်ဟူ၍ ဖော်ပြပါရှိသည့်အတွက် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို မထိခိုက်အောင် အခြားတိုင်းရင်းသားလူမျိုးတစ်ဦး သို့မဟုတ် အများကို မထိခိုက်အောင် လွှတ်တော်မှ ဥပဒေများပြဋ္ဌာန်းပေးပြီး ခေတ်စနစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည် ဆိုပါက တိုင်းရင်းသားတို့၏ လိုအင်ဆန္ဒပြည့်ဝကြမည့်အပြင် အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးနှင့် တိုင်းရင်းသားပဋိပက္ခများကို ပြေလည်သွားစေမည်ဟု ယုံကြည်ပါကြောင်းစသည့် လမ်းညွှန်မှာ ကြားချက်များကို လေ့လာမှတ်သားရတဲ့အပေါ်မှာ တိုင်းရင်းသားလူမျိုးများအတွက် ဥပဒေပြဋ္ဌာန်း ပေးရန် လိုအပ်သည်မှာ ပေါ်လွင်ထင်ရှားနေပါတယ်။ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ကျင်းပလာတဲ့ တစ်နှစ်ခွဲကာလအတွင်းမှာ ဥပဒေပြုရေး ကဏ္ဍ၌ အထိုက်အလျောက်သိကျွမ်းလာကြပြီး ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတစ်ရပ်သည် ကျယ်ပြန့်နက်ရှိုင်းတဲ့အတွက် တိုင်းရင်းသားလူမျိုးများ အားလုံးနှင့် ပြည်ထောင်စုကြီး တစ်ခုလုံးကိုလွှမ်းခြုံပြီး ခေတ်စနစ်နှင့်အညီ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့်ချိန်ထိုးပြီး မျှမျှတတဖြစ်ရေးအတွက် အချိန်ယူလေ့လာ သုံးသပ် ကာ စဉ်းစားညှိနှိုင်း ဆွေးနွေးပြီးနောက် ဆုံးဖြတ်အတည်ပြုကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားလူမျိုးအစုအဖွဲ့ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပါဝင်တက်ရောက်ခဲ့ပါသည်။ အမျိုးသားညီလာခံအစုအဖွဲ့ ၈ ဖွဲ့တို့မှ ကိုယ်စားလှယ်များဟာ ဒေသစုံ၊ နယ်ပယ်စုံ၊ တိုင်းရင်းသားလူမျိုးစုံနှင့် အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်းစုံ တစ်ရာကျော်တို့ ဝိုင်းဝန်းဆွေးနွေးအကြံပြုပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး၊ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသား များအကျိုးစီးပွားအတွက် နိုင်ငံတော်ရဲ့ပကတိ အရှိတရားနှင့် လျော်ညီဆုံးဖြစ်တဲ့ အခြေခံမူများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိကဆိုလိုချင်တာကတော့ စောစောက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစတီဖန်ဆွေးနွေးသွားတဲ့ ဒုတိယပင်လုံညီလာခံဆိုတဲ့ အမည်တပ်ပြီး လွှတ်တော်ပြင်ပ ဆွေးနွေးပြောဆိုချက်များဟာ နိုင်ငံတကာမှာအထင်အမြင်လွဲမှားစေပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးကိုလည်း ထိခိုက်နိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူ့ဆန္ဒများနှင့် အညီ ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်

အတွင်း ဆွေးနွေးချက်များသာလျှင် တရားဝင်ဖြစ်ကြောင်း သတိပြုကြဖို့လိုအပ်ပါတယ်။ ဦးတီခွန်မြတ်ရဲ့အဆိုမှာပါဝင်တဲ့ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဦးတည်ချက်ထားရှိတင်ပြချက်များထက် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ပါတီစွဲ၊ ဆွေးနွေးချက်များသည်လည်း သတိပြုဆင်ခြင်စရာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးရဲ့အကျိုးကိုရှေးရှုပြီး လွှတ်တော်ရဲ့ အဓိကပင်မတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွတ်လပ်စွာပွင့်လင်းမြင်သာမှုရှိတဲ့ လွှတ်တော် နိုင်ငံရေးထဲမှာပဲ ဖော်ဆောင်ပေးကြရမှာဖြစ်သလို တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အလမ်းကို ဤလွှတ်တော်ကြီးမှ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမန်းမောင်မောင်ဉာဏ်၊ ပန်းတနော်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမန်းမောင်မောင်ဉာဏ်(ပန်းတနော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို လေးစားပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးမှာကတော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး များအရေးနှင့်ပတ်သက်တဲ့ ကိစ္စလေးပါ။ တော်တော်များများလည်း စုံစုံစိစိပြောသွားပြီးဖြစ်ပါတယ်။ အဲ့တော့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဆိုတာ ကျွန်တော်တို့ကမရှိခဲ့ပါဘူး။ သို့သော် မရှိခဲ့ပေမယ်လို့ ခေတ်အဆက်ဆက်မှာဘယ်လိုလုပ်ကိုင်တယ် ဆိုတာလေးကို ခေတ်ကိုပြန်ပြီးတော့ နည်းနည်းသုံးသပ်ပြီးတော့ကျွန်တော်တင်ပြချင်ပါတယ်။ ဉာဏ်မှီသလောက်ပေါ့။ ပထမဦးဆုံး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အဲ့ဒီဥပဒေအရပေါ်ပေါက် လာတဲ့အစိုးရ သူတို့ဘာတွေပြောပြီးတော့ သူတို့ဘာတွေလုပ်သလဲ။ ဒါကျွန်တော်ပြန်ပြီးတော့ နည်းနည်းလေ့လာကြည့်ပါတယ်။ အဲ့ဒီအချိန်အခါမှာတုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ညီမျှမှုရှိရေး၊ လွတ်လပ်မှုရှိရေး၊ ဘာသာရေး/သာသနာရေးလွတ်လပ်မှုရှိရေး၊ ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာ လွတ်လပ်မှုရှိရေး အဓိကချုပ်လိုက်ရင်ပေါ့လေ။ ပုဒ်မတွေတော့ ကျွန်တော်မရွတ်တော့ပါဘူး။ ဒီလိုဆိုထားပါတယ်။ ဖွဲ့စည်းပုံရဲ့အနှစ်သာရပါ။ အဲ့တော့ ကျွန်တော်တို့ အဲ့ဒီအနှစ်သာရအရ အစိုးရက အကောင်အထည်ဖော်တဲ့ အခါမှာ ဘယ်လိုလုပ်ခဲ့သလဲဆိုတဲ့ဥစ္စာလေး ကျွန်တော် ဉာဏ်မှီသလောက်ပေါ့။ အဲ့ဒီအချိန်မှာ

ရွေးကောက်ပွဲလုပ်တယ်။ ပြီးတဲ့အခါကျတော့ အစိုးရမှာ တိုင်းရင်းသားလူမျိုးတွေပါတယ်။ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတွေပါတယ်။ အကုန်လုံးလည်းသိကြတယ်။ ပြီးတဲ့အခါကျတော့ ပညာရှင်တွေလည်းပါတယ်။ ပြီးတဲ့အခါကျတော့ တပ်မတော်သားတွေလည်းပါတယ်။ ဒါက အစိုးရအဖွဲ့မှာ အဲ့ဒီအခါက ဦးတို့၊ ဗိုလ်တို့၊ သခင်တို့ပေါ့လေ နိုင်ငံရေးသမားတွေရော၊ တပ်မတော်က ထွက်လာတဲ့ သူတွေရော ဒီလိုပါကြတယ်။ အဲ့တော့က ကျွန်တော်တို့ဒါက ဗဟိုအစိုးရပဲပြောကြပါစို့ ဖဆပလအစိုးရပေါ့။ ပြည်နယ်တွေကျတဲ့အခါကျတော့ ပြည်နယ်ဝန်ကြီးဆိုပြီးတော့ ထားပါတယ်။ အဲ့ဒီ ပြည်နယ်ဝန်ကြီးဟာ Cabinet ဝန်ကြီးပါပဲ။ အဲ့ဒီ ပြည်နယ်ဝန်ကြီးက သူပြန်သွားတဲ့အခါမှာ သူ့ရဲ့ပြည်နယ်ကရှိတဲ့ဝန်ကြီးတွေနဲ့ ပြည်နယ်အတွက် အလုပ်လုပ်တာပေါ့။ ဒီလိုလုပ်ခဲ့တယ်။ အဲ့တော့ ဒီလိုလုပ်ခဲ့တယ်ဆိုတဲ့အခါကျတော့။ ဘာရှိလဲဆိုတဲ့အခါကျတော့ သမ္မတကို အလှည့်ကျထားတယ်။ ဒါအားလုံးမှတ်မိပါလိမ့်မယ်။ တပ်မတော်က အာဏာသိမ်းတဲ့အခါမှာ ကရင်သမ္မတ မန်းဝင်းမောင်က သမ္မတဖြစ်နေပါတယ်။ ၉ ရက်အလိုမှာ ၉ ရက်ပြည့်လို့ရှိရင် ဆမားကြီးက သမ္မတတက်ဖြစ်ပါ့မယ်။ အချင်းချင်းနောက်ပြီးတော့တောင်ပြောတယ်။ ငါကံဆိုးပါတယ်ကွာ နောက် ၉ ရက်ဆိုရင်ငါလွတ်သွား တယ်ဆိုပြီးတော့ပြောပါတယ်။ အချင်းချင်းနောက်ကြတယ်။ ဒါကကျွန်တော်တို့ဖြစ်ခဲ့တဲ့ဟာတွေ တိုင်းရင်းသားလူမျိုးနွယ်တွေနှင့်ပတ်သက်တဲ့ အခွင့်အရေးတွေကို အဲ့ဒီလိုအကောင်အထည်ဖော်ခဲ့တာ ဒါပေမယ့်အနှစ်သာရအားဖြင့် ပြည်သူအတွင်းကိုသိပ်ပြီးတော့ နက်နက်ရှိုင်းရှိုင်းမရောက်ခဲ့ပါဘူး။ အဲ့ဒီလို တိုင်းရင်းသားတွေရဲ့အခွင့်အရေးကိုလည်း ကာကွယ်မယ်ဆိုတဲ့ဥပဒေလည်း မပေါ်ပေါက်ခဲ့ပါ ဘူး။ အဲ့ဒီလိုနဲ့ ကျွန်တော်တို့ဆောင်ရွက်ခဲ့တာပေါ့လေ။ ၁၉၆၂ ခုနှစ်အထိပေါ့။ ၁၉၆၂ ခုနှစ်ကျတဲ့ အခါကျတော့ တော်လှန်ရေးကောင်စီတက်လာတယ်။ တော်လှန်ရေးကောင်စီလည်းပဲ ဖဆပလရဲ့ အမွေကိုခံရတယ်ဆိုတဲ့အခါကျတော့ တိုင်းရင်းသားလူမျိုးတွေရဲ့အတွေးအခေါ်တွေကို တိုင်းရင်းသား လူမျိုးတွေရဲ့အခွင့်အရေးတွေကို ပစ်ပယ်လို့မရဘူး။ ပစ်ပယ်လို့မရတဲ့အခါကျတော့ တော်လှန်ရေး ကောင်စီတက်ပြီးတာနဲ့ ၁၉၆၄ ခုနှစ်မှာ မန္တလေးမှာလုပ်တဲ့ ပြည်ထောင်စုနေ့အခမ်းအနားမှာ အားလုံးပြည်ထောင်စုကိုယ်စားလှယ်တွေပါပါတယ်။ တိုင်းနှင့် ပြည်နယ်အားလုံးက ပြည်ထောင်စုနေ့ အခမ်းအနားမှာ တော်လှန်ရေးကောင်စီရဲ့ တိုင်းရင်းသားလူမျိုးများအပေါ်မှာ အမြင်နှင့်ခံယူချက် ဆိုပြီးတော့ ကြေညာချက်ထုတ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆွဲတော့လည်း အဲ့ဒီ ခံယူချက်က အဲ့ဒီထဲမှာပါပါတယ်။ သူက ဘာပြောထားလဲဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးများ အပေါ်မှာ တော်လှန်ရေးကောင်စီရဲ့ အမြင်နှင့် ခံယူချက်မှာ ဥမကွဲသိုက်မပျက်အတူနေကြမယ်။

ယဉ်ကျေးမှုဓလေ့ထုံးစံတွေကိုလွတ်လွတ် လပ်လပ်ဖော်ဆောင်ရွက်နိုင်တယ်။ လူမှုဖွံ့ဖြိုးမှုများတဲ့လူက လူမှုဖွံ့ဖြိုးမှုနည်းတဲ့လူကိုကူညီရမယ်။ ပြီးတော့ တိုင်းရင်းသားလူမျိုးစုများရဲ့ရပ်တည်ရှင်သန်ခွင့်ကို အားပေးရမယ်။ တန်းတူညီမျှတဲ့အခွင့်အရေးရှိရမယ်ဆိုပြီးတော့ ၁၉၇၄ ခုနှစ်မှာ ၁၉၆၄ ခုနှစ်က တော်လှန်ရေးကောင်စီရဲ့ အမြင်နှင့် ခံယူချက်အတိုင်းပဲပါပါတယ်။ ပါတော့ အဲ့ဒီဥစ္စာကို တိုင်းရင်းသား အခွင့်အရေးတွေ ဒီလိုပေးထားပြီးတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက ဘယ်လို အကောင်အထည်ဖော်သလဲဆိုရင် နံပါတ်(၁)အချက်က နိုင်ငံဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်ကောင်စီဝင် နိုင်ငံဥက္ကဋ္ဌပဲသူက။ အဲ့ဒါ ပြည်နယ်နှင့်တိုင်းတစ်ခုစီမှာ တစ်ယောက်စီပါပါတယ်။ သမ္မတဆိုတာ လည်းရှိတယ်ဆိုတော့ ဒါကအထွဋ်အထိပ်ပေါ့။ တိုင်းရင်းသားလူမျိုးတွေကိုအခွင့်အရေးပေးတယ် ဆိုပြီးတော့ အထွဋ်အထိပ်မှာ နိုင်ငံတော်ကောင်စီဆိုပြီးတော့ပါပါတယ်။ တကယ်ကတော့ နိုင်ငံတော် ကောင်စီဆိုပေမယ့် လုပ်ပိုင်ခွင့်ကတော့ သမ္မတတို့၊ ဝန်ကြီးချုပ်တို့လောက်သိပ်မရှိပါဘူး။ ပြည်နယ်နှင့် တိုင်းတွေကျတဲ့အခါကျတော့ သူ့ဟာနဲ့သူပေါ့လေ။ ရွေးကောက်ပြီးတော့ အဆင့်ဆင့်ပေါ့။ တိုင်းကောင်စီ၊ မြို့နယ်ကောင်စီအစရှိသဖြင့် ဒီလိုရွေးကောက်ပြီးတော့သွားတာပါ။ အဲ့ဒီမှာလည်းပဲ ကျွန်တော်တို့ကပြောမယ်ဆိုရင်တော့ဖြင့် တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်တဲ့ခံယူချက် တွေကို အကောင်အထည်ဖော်တဲ့အခါမှာ ထိထိရောက်ရောက် နက်နက်ရှိုင်းရှိုင်းသိပ်မလုပ်နိုင်ဘူးလို့ ပဲသုံးသပ်ရမယ်ထင်တယ်။ ဘာဥပဒေလည်းမရှိဘူး။ အဲ့တော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုပြီးတော့လုပ်ကြတာ အဲ့ဒီလိုလုပ်ကြတာ။ တစ်ခါကျွန်တော်တို့ ဒီနေ့ခေတ်ကျတဲ့ အခါကျတော့လည်း သိတဲ့အတိုင်းပဲ ကျွန်တော်တို့ လွှတ်တော်နှစ်ရပ်ထားတယ်။ အမျိုးသားလွှတ်တော် ကတော့ တိုင်းရင်းသားတွေကိုယ်စားပြုပြီးတော့ ၁၂ ယောက်စီ၊ ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော် ကတော့ တစ်ယောက်စီ အဲ့ဒီလိုရှိပါတယ်။ ရှိတော့ ဒီမှာကျွန်တော်ကပြန်စဉ်းစားတယ်။ အခွင့်အရေး အခွင့်အရေးလို့ဆိုတာဘာတွေလဲ။ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးဆိုတာဘာလဲ။ အခွင့် အရေးလို့ပြောလိုက်လို့ရှိရင်စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဒီလောက်ပဲပြောကြတယ်။ တကယ် ကတော့ အခွင့်အရေးဆိုတာဟာ နိုင်ငံရေးမှာလည်းတူညီတဲ့ အခွင့်အရေးရှိရမယ်။ စီးပွားရေးမှာလည်း တူညီတဲ့အခွင့်အရေးရှိရမယ်။ ယဉ်ကျေးမှုမှာလည်း တူညီတဲ့ အခွင့်အရေးရှိရမယ်။ အဲ့ဒါမှ ကျွန်တော်တို့ တူညီတဲ့အခွင့်အရေးလို့ အဓိပ္ပာယ်ဖော်လို့ရမယ်။ အဲ့တော့ ဒါကို ကျွန်တော်တို့ ပြန်သုံးသပ်တဲ့အခါမှာ ကနေ့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့က ဒီလိုခေတ်တွေကို ကျွန်တော်တို့ ဒီမှာလည်းပဲထပ်မပြောချင်တော့ပါဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ

အခြေခံဥပဒေမှာလည်း တိုင်းရင်းသားတွေနှင့်ပတ်သက်လို့ အများကြီးရေးထားပါတယ်။ သို့သော် အကောင်အထည်ဖော်နိုင်မှုအပိုင်းမှာတော့သိပ်ပြီးတော့ အားရစရာမရှိသေးဘူးပေါ့လေ။ အဲ့တော့ ခေတ်အဆက်ဆက်မှာ ကောင်းမယ်လို့ယူဆပြီးတော့ လုပ်ခဲ့တဲ့ခံယူချက်တွေရှိခဲ့ပါတယ်။ ဥပဒေ ဆိုတာတော့မရှိခဲ့ပါဘူး။ ဥပဒေမရှိတဲ့အတွက် ကျွန်တော်တို့ပြောဖို့ဆိုဖို့ ဥပဒေနဲ့ကိုင်ပြောဖို့ဆိုတာ လက်ဆုပ်လက်ကိုင်မရှိပါဘူး။ ဒါကျွန်တော်တို့ ဒီနေ့အချိန်အထိ လက်ဆုပ်လက်ကိုင်မရှိပါဘူး။ လက်ဆုပ်လက်ကိုင်ပြောနိုင်အောင်ကတော့ ဥပဒေတစ်ခုကတော့ လိုတယ်လို့ခံယူတယ် ဘာဖြစ်လဲ ဆိုရင် ကျွန်တော်တို့က ဒီလူမျိုး ၁၃၅ ဦးကိုလည်း အကုန်လွှမ်းခြုံအောင်လုပ်ဖို့ဆိုတာ လွယ်လွယ် ကူကူနဲ့တော့မဖြစ်ဘူး။ ကာလတိုတိုနဲ့တော့မဖြစ်ဘူး။ သူများနိုင်ငံတွေလည်း သွားလေ့လာဖို့လိုတယ်။ ဒါကတော့ဥပဒေပညာရှင်တွေနဲ့ လုပ်ရမယ့်အပိုင်းပေါ့လေ။ အဲဒီတော့ ကျွန်တော်ပြောချင်တာက ခေတ်အဆက်ဆက်မှာ အစိုးရတစ်ခါပြောင်းတယ်ဆိုရင် အရင်အစိုးရပေါ့လေ။ ခေတ်တစ်ခါပြောင်း တယ်ဆိုရင် ခေတ်ဟောင်းကကိစ္စတွေကို အမွေခံရပါတယ်။ ကောင်းတာရှိမယ် မကောင်းတာရှိမယ်။ မကောင်းတာတွေကိုပယ်၊ ကောင်းတာတွေကိုယူပြီးတော့ အမွေခံရပါတယ်။ ဒါဟာ ဒီနေ့အထိပါပဲ။ ဒါကြောင့်ကျွန်တော်တို့လွှတ်တော်လည်းပဲ ဖဆပလလက်ထက်က အသုံးအနှုန်းတွေရော၊ ဖဆပလ လက်ထက်ကကျင့်စဉ်တွေရော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်က ကျင့်စဉ်တွေရော အသုံးအနှုန်းတွေရော ဒီလိုလုပ်ရတာပါ။ ကျွန်တော်တို့လက်ထက်ကျတဲ့အခါကျတော့ ကျွန်တော်တို့က ဒီအခွင့်အရေးဆိုတဲ့ဟာကြီးကို ပြည်သူအားလုံးကို ကျွန်တော်တို့ဘယ်လိုပေးမလဲ။ အဲ့ဒါ အရေးကြီး ပါတယ်။ ပြည်သူအားလုံးကို ဘယ်လိုပေးမလဲဆိုတော့ ကျွန်တော်တို့က တိုင်းရင်းသား တိုင်းရင်းသား ဆိုတာ အကုန်လုံးပါတယ်နော်။ ဗမာလည်းပါတာပဲ။ ဗမာလည်းတိုင်းရင်းသားပဲ အကုန်လုံးပါတယ်။ တိုင်းရင်းသားတွေအခွင့်အရေးဆုံးရှုံးနေတာ ကျွန်တော်တို့က ဘယ်လိုဖော်ဆောင်ပေးမလဲ ဘယ်လို ကူညီပေးမလဲ ဒါတွေရှိပါတယ်။ အဲ့တော့ ဒီနေရာမှာ ကျွန်တော်တို့က လူမျိုးတွေရဲ့ဗီဇ သဘာဝ စိတ်ထား၊ အဲ့ဒါကျွန်တော် နည်းနည်းတင်ပြချင်တယ်။ ကျွန်တော်တို့မှာ သည်းခံတတ်တဲ့ စိတ်နည်းနည်း သွေးဆူတယ်ပေါ့နော်။ သည်းသိပ်မခံတတ်ဘူး။ ခွင့်လွှတ်တဲ့ အမြင်သိပ်မရှိလှဘူး။ ကျွန်တော်စော်ကား တာတော့မဟုတ်ဘူး။ ကျွန်တော့်အမြင်လေးပါ။ အဲ့ဒီလိုဖြစ်တဲ့အခါကျတော့ တစ်ယောက်က တစ်မျိုး ဆိုရင် နောက်တစ်ယောက်က တစ်မျိုးဖြစ်တယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်မှာ ကနေ့အထိ ပြည်တွင်း စစ်ကြီးက အသက်ရှည်နေတယ်။ နမူနာအားဖြင့် ကျွန်တော် တင်ပြမယ်ဆိုရင် ကျွန်တော်တို့ လွတ်လပ် ရေးကြိုးပမ်းစဉ်ကာလက ကျွန်တော်တို့ဆိုတာတော့ နည်းနည်း ကြီးကျယ်တာပေါ့။ ကျွန်တော်တို့

ခေါင်းဆောင်ကြီးတွေပါ။ လွတ်လပ်ရေးကြိုပမ်းစဥ်အခါတုန်းက ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးသွားတောင်းတယ်။ ဒါပေမယ့် ကျန်တဲ့အဖွဲ့က လွတ်လပ်ရေးဆိုတာဟာ တောင်းယူလို့မရဘူး။ တိုက်ယူမှရမယ်ဆိုပြီးတော့ ကွဲတော့တာပဲ အဲ့ဒီမှာ ကွဲတာပဲ ကျွန်တော်တို့ ဒီဘက်မှာ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့လူမျိုးကိုက အဲ့ဒီလိုဖြစ်တာ ကျွန်တော်တို့ လူမျိုးနှင့်ပတ်သက်ပြီးတစ်ခုပြန်ကြည့်တယ်။ ဖဆလပလက်ထက်မှာ တိုင်းရင်းသားတပ်တွေရှိတယ်။ ကချင်တပ်တွေရှိတယ်။ ကယားတပ်ရှိတယ်။ ကရင်တပ်ရှိတယ်။ ချင်းတပ်ရှိတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဘက်လည်း တပ်ရှိတယ်။ ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ အစိုးရအဖွဲ့မှာလည်း ကရင်တွေလည်းပါတယ်။ တိုင်းရင်းသားတွေလည်းပါတယ်။ ပြည်နယ်တွေပဲ သူဘာသူ အုပ်ချုပ်နိုင်တဲ့ဝန်ကြီးတွေရှိတယ်။ အဲ့ဒီလိုရှိပေမယ့်လို့ အစဆုံး တောခိုတာ ကရင်ပဲ၊ ကရင်ကစစချင်း တောခိုတာပဲ။ ပြီးတော့မှကျန်တဲ့ဟာတွေကတောခိုတယ်။ အဲဒီလို တောခိုလိုက်တာနဲ့တစ်ပြိုင်တည်း အယူအဆဟာ မြေပေါ်နဲ့မြေအောက်ဆိုတာ ကွဲသွားတယ်။ ကျွန်တော်တို့မြေပေါ်ဆိုတာက ဒီဖဆပလလက်ထက်တုန်းက ပြန်ကြည့်မယ်ဆိုရင် နိုင်ငံတော်ရဲ့ အာဏာဆိုတာ မြို့ပေါ်မှာလောက်ပဲရှိတာ။ နယ်တွေမှာအကုန်လုံး တောတွင်းလက်နက်ကိုင်တွေက အုပ်စိုးထားတာ။ အဲ့ဒီအခါကျတော့ တောတွင်းလက်နက်ကိုင်တွေက ပြည်သူတွေကိုစည်းရုံးခွင့်ရတယ်။ ဒီကောင်တွေလူမျိုးကြီးပဲကွ။ ဘာဖြစ်တယ်။ ညာဖြစ်တယ်ပေါ့လေ။ အဲ့ဒီအစွဲတွေက Generation ဒီကနေ့အထိနေရာတိုင်းမှာ ပြည်နယ်နှင့်တိုင်းတွေမှာ အဲ့ဒါတွေဝင်နေတယ်။ ဒီဥစ္စာကို ကျွန်တော်တို့ ဖျောက်လို့မရသေးဘူး။ လုပ်ခဲ့တဲ့သူတွေကတော့ ကျွန်တော်တို့သေကုန်ပါပြီ။ တောင်းဆိုခဲ့တာတွေ ကရင်တစ်ကျပ်၊ ဗမာတစ်ကျပ်ပါ။ အစရှိသဖြင့် Generation တွေမှာ ဆက်ပြီးတော့ ပြဿနာဖြစ်နေတာ တစ်ယောက်နှင့် တစ်ယောက် အထင်အမြင်မှားတဲ့ကိစ္စတွေဖြစ်နေတယ်။ အဲ့တော့ ဒါကို ကျွန်တော်တို့ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ဥစ္စာကို ကျွန်တော်လည်းတော်တော် ကျွန်တော့်ဘဝပေါ့လေ။ နိုင်ငံရေးလုပ်လာတာ အနှစ် ၄၀၊ ၅၀ လောက်တော့ရှိပြီ။ နိုင်ငံရေးပဲလုပ်တာ ဘာမှမလုပ်ဘူး။ ကျွန်တော်လည်း ဒီပြဿနာကို အမျိုးမျိုးစဥ်းစားတယ်။ ကျွန်တော်တို့က ဒီကနေ့ အနီးကပ်ဆုံး ပြောရရင် လက်ရှိအစိုးရပေါ့လေ။ ဖြေရှင်းရမယ့်ပြဿနာတွေ ဒီသံသယတွေကိုဖြေရှင်းရမယ့် ပြဿနာတွေကို သံသယပျောက်မှ အမှန်ဘဝရောက်မယ်ဆိုတဲ့ သီချင်းလေးလည်းရှိတာကို။ အဲ့ဒီတော့ ဒီသံသယတွေကိုပျောက်အောင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲဆိုတော့ တိုင်းရင်းသားလူမျိုးတွေ အခွင့်အရေးဆုံးရှုံးနေတဲ့ဟာတွေ အမြန်ဆုံးဖြေရှင်းပေးရမယ်။ ဥပမာ- ရခိုင်၊ ကိုယ့်အိမ်ကိုပြန်မနေရဘူး။ ကိုယ့်ရွာကိုယ်ပြန်မနေရဘူး။ ဒါအခွင့်အရေးဆုံးရှုံးတာပဲ။ အဲ့ဒါကို အမြန်ဆုံးဖြေရှင်းရမယ်။

ကရင်ပြေးလွှားနေရတယ်။ ရှောင်ပုန်းနေရတယ်။ ဖြေရှင်းရမယ်။ အမြန်ဆုံး။ အဲ့ဒီလိုပဲအနည်းနှင့် အများဆိုသလိုပဲတိုင်းနှင့် ပြည်နယ်တွေမှာရှိတယ်။ ဒီကိစ္စတွေဟာ ကျွန်တော်တို့အမြန်ဆုံးဖြေရှင်း ပေးရမယ်။ မဖြေရှင်းလို့မရဘူး။ အဲ့ဒီကိစ္စ မဖြေရှင်းရင်သံသယဆိုတာပွားနေမှာပဲ။ ဖြစ်နေမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အမြဲတမ်းထိတွေ့ပြီး ပြောနေတဲ့အခါကျတော့ မှန်တာတွေလည်းရှိ၊ မမှန်တာ တွေလည်းရှိပေ့ါလေ။ ကျွန်တော်တို့ တောသူတောင်သားတွေကတော့ သဘာဝအတိုင်းပြောမယ် ဆိုရင်တော့ အေးအေးဆေးဆေးပါပဲ။ အေးအေးဆေးဆေးနေလိုကြတယ်။ ကျွန်တော်တို့တောသွားတဲ့ အခါမှာပြောတယ်။ ဟေ့ မင်းတို့ ဘယ်အစိုးရပဲ တက်တက်ကွာတို့က အေးအေးဆေးဆေးနေရရင် ပြီးရော။ အဲ့လို ပြောတဲ့ရွာတွေ၊ လူတွေလည်း အများကြီးပါ။ ဒါကြောင့်မို့လို့ ကျွန်တော်အကြံပြုချင်တဲ့ အချက်ကတော့ နံပါတ်(၁)အချက် အခွင့်အရေးဆုံးရှုံးနေတဲ့ တိုင်းရင်းသားတွေကို အခွင့်အရေးဆိုတာ ကျွန်တော်ပြောတာက နိုင်ငံရေးရော၊ စီးပွားရေးရော၊ လူမှုရေးနယ်ပယ်ရော အကုန်လုံးဆုံးရှုံးနေတဲ့ ကိစ္စကို သေသေချာချာလေးလေးနက်နက်စဉ်းစားပြီးတော့ အမြန်ဆုံးဖြေရှင်းပေးပါ။ ဒုတိယအချက် ကျွန်တော်စဉ်းစားလို့ရသလောက် မဖွံ့ဖြိုးသေးဘူးဆိုတဲ့ ပြည်နယ်နှင့်တိုင်းတွေကို သေသေချာချာ ဆွေးနွေးပြီးတော့ ဘတ်ဂျက်ပိုပေးပါ။ ပေးလိုက်ပါ။ တစ်ခုပဲမင်းတို့မဖွံ့ဖြိုးတဲ့ဒေသကို ဖွံ့ဖြိုးအောင် လုပ်ရမယ်။ လမ်းဖောက်ရမယ်။ ကျောင်းတွေဖြစ်ရမယ်။ စာမတတ်တဲ့သူမရှိရဘူး။ အဲ့ဒီလို လိုတဲ့ ဘတ်ဂျက်ကိုတိုးပေးလိုက်ပါ။ တစ်နှစ်ဖြစ်ရင်ဖြစ်မယ်။ နှစ်နှစ်ဖြစ်ရင်ဖြစ်မယ်။ သုံးနှစ်ဖြစ်ရင်ဖြစ်မယ်။ အကန့်အသတ်နဲ့ပေ့ါ။ ဘယ်လောက်လုပ်နိုင်သလဲပေ့ါ။ အဲ့ဒီလိုတိုးပေးလိုက်လို့ရှိရင် ကျွန်တော်တို့က ဒါရမယ်။ ဒီလိုဟာ မျိုးတွေကို ဖြေရှင်းပေးရမယ်။ အဲ့ဒီလိုလုပ်ရင်းနဲ့ သူရဲ့ပင်ကိုယ်ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ ဒါတွေကိုဖော်ဆောင်သွားလို့ရှိရင် အဲ့ဒီလိုလည်းတိုးတက်လာမယ်။ အဲ့ဒီလိုလည်း လုပ်နိုင်မယ်ဆိုလို့ရှိရင် ဖော်ဆောင်သွားရင်းနဲ့ တကယ့်ကိုသံသယတွေပျောက်လာ ပြီးတော့ အမှန်ဘဝကိုရောက်မယ်လို့ ကျွန်တော်ယူဆပါတယ်။ နောက်ဒုတိယအချက် စီးပွားရေးနှင့် ပတ်သက်လို့ အရေးကြီးပါတယ်။ ဒီကနေ့ အထင်အမြင်လွဲမှားနေတဲ့ကိစ္စဟာ စီးပွားရေးမှာ ကျွန်တော်တို့က စောစောကတည်းက ခံယူထားတယ်။ ဖွံ့ဖြိုးမှုများတဲ့လူက ဖွံ့ဖြိုးမှုနည်းတဲ့လူကိုကူညီ ရမယ်။ ဒါကျွန်တော်တို့မှာရှိတယ်။ အဲဒီတော့ ကျွန်တော်တို့က တိုင်းရင်းသားတွေရဲ့နယ်ပယ်မှာ စီးပွားရေးသမားတွေကနယ်ချဲ့လာတယ်။ ဒါ အဓိကကျတယ်။ တကယ်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေဆိုတာ ချမ်းသာတဲ့လူတွေမဟုတ်ဘူး။ ကိုယ့်ဟာကိုယ် လယ်လုပ်၊ ကိုယ့်ဟာကို လုပ်ကိုင်စားသောက်တဲ့လူတွေဖြစ်တယ်။ နယ်ချဲ့လာတဲ့အခါကျတော့ တို့လယ်မှာသူတို့က လာလုပ်

တယ်။ ဗမာတွေကလာလုပ်တယ် အစရှိသဖြင့်ပေါ့လေ။ ဒီအမြင်မျိုးတွေဟာ အမြင်လွဲမှားတယ်။ ဒါတွေ ကျွန်တော်တို့က ပညာပေးရမယ်။ ဘယ်လိုပညာပေးရမလဲဆိုတော့ သူတို့လည်းပဲ ဘာခေါ်မလဲ သူတို့ လည်းပဲ လုပ်နိုင်တဲ့အတိုင်းအတာ ဘောင်ဝင်အောင် ပိုက်ဆံရှိတဲ့လူတွေလည်း ဘောင်ဝင်အောင်၊ ပိုက်ဆံမရှိရင်လည်းလုပ်လို့မရဘူးလေ။ အဲ့ဒီတော့ တိုင်းရင်းသားတွေကို ပစ်ပယ်ရာမကျအောင် အဲ့ဒီလိုလုပ်ငန်းလေးတွေ ကျွန်တော်တို့ တီထွင်ပေးရမယ်။ အဲ့ဒီလိုဆိုရင် ကျွန်တော်တို့အပေါ်မှာ အထင်အမြင်လွဲသွားတဲ့ကိစ္စတွေ ဒါလေးကလည်း ရှင်းသွားနိုင်တယ်။ နောက်တစ်ခု ကျွန်တော်တို့ ကဒီမိုကရေစီဈေးကွက်စီးပွားရေးဆိုပြီးတော့ ကျွန်တော်တို့က ပြောနေပေမယ်လို့ တကယ်ကျတော့ ဒီမိုကရေစီမဖြစ်သေးတဲ့နေရာတွေက အများကြီးပဲ။ ဒါကျွန်တော် တခြားတိုင်းရင်းသားတွေလည်းရှိမှာ ပါ။ ပြောသွားတဲ့အထဲမှာလည်းပါတယ်။ ကျွန်တော်တို့ ကရင်နှစ်သစ်ကူး အခုအချိန်အထိ ကရင် နှစ်သစ်ကူးလုပ်မယ်ဆိုရင် ခွင့်တောင်းနေရတုန်းပဲ။ ဘာဖြစ်လဲဗျ ကရင်နှစ်သစ်ကူး။ ကရင်အမျိုး သားတွေအတွက် ကရင်နှစ်သစ်ကူးလုပ်တာပဲလုပ် လွတ်လွတ်လပ်လပ် ဒီလိုဖြစ်စေချင်တာ။ ဘာဖြစ်လို့ခွင့်တောင်းပြီးတော့ ဘာဖြစ်လို့လုပ်နေတာလဲမသိဘူး။ နေရာတိုင်း၊ ရွာတိုင်းမှာလုပ်နေ တာပဲ။ လုပ်တဲ့နေရာတိုင်းခွင့်တောင်းရတာပဲ။ အဲ့ဒီလိုဖြစ်နေတယ်။ အဲ့တော့ ဒါတွေဟာ မဖြစ်သင့် မဖြစ်ထိုက်တဲ့ဟာတွေ၊ ဒီကိစ္စတွေကလည်း ကျွန်တော်တို့အချင်းချင်း အမြင်လွဲမှားစရာတွေဖြစ်လာ တယ်။ ဒါတွေလည်း ဖြေရှင်းပေးဖို့လိုတယ်။ ဒီလိုဖြေရှင်းလိုက်ရင် ခုနက ကဏ္ဍမျိုးစုံမှာဖြေရှင်း လိုက်လို့ရှိရင် ဥပဒေတော့မရှိသေးဘူးပေါ့ဗျာ။ ဖြေရှင်းပေးလိုက်လို့ရှိရင် အတတ်နိုင်ဆုံးသံသယတွေ ကင်းသွားမယ်လို့ယူဆတယ်။ ဒါကြောင့်မို့လို့ ဒါတွေလုပ်နိုင်အောင် ပီပီပြင်ပြင်ဖြစ်အောင် ဥပဒေတစ်ခု ကတော့ရှိမှဖြစ်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရုံနဲ့တော့ အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ပြီးတော့ အကောင် အထည်ဖော်သွားလို့မရဘူး။ အဲ့ဒီတော့ ဥပဒေတစ်ခုကတော့ရှိမှဖြစ်မယ်။ ဒါကြောင့် ဒီဥပဒေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကွတ်ခိုင်မဲဆန္ဒနယ်က ဦးတီခွန်မြတ်ရဲ့အဆိုမှာ တိုင်းရင်းသား လူမျိုးတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ဥပဒေဆိုတာရှိသင့်ပါတယ်လို့ ဦးတီခွန်မြတ်ရဲ့ အဆိုကိုထောက်ခံရင်းနဲ့ ကျွန်တော်နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသော လူကြီးမင်းအပေါင်း မင်္ဂလာပါ။ လေးစားဂါရဝထားကြောင်းပါခင်ဗျား။ ကျွန်တော် အင်းတော်မဲဆန္ဒနယ်က ဦးကျော်နိုင်ဌေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးတီခွန်မြတ်ရဲ့

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းရေးအဆိုနဲ့ ပတ်သက်ပြီးတော့ ဝေဖန်အကြံပြုချက်များနဲ့ အပိုင်း ၄ ပိုင်းခွဲခြားပြီးဆွေးနွေးမှာဖြစ်ပါတယ်ခင်ဗျား။ ပထမအပိုင်းအနေနဲ့အဆိုမှာပါရှိတဲ့အတိုင်း တိုင်းရင်းသား၊ တိုင်းရင်းသားဆိုတာ ဘယ်သူတွေလဲ။ ဒုတိယအပိုင်းအနေနဲ့ တိုင်းရင်းသားများရဲ့အခွင့်အရေးတွေဘာတွေလဲ၊ ရနေကြပြီလား။ ဘာတွေ ထပ်ပြီး ကျွန်တော်တို့တောင်းဆိုကြရဦးမှာလဲ။တတိယပိုင်းအနေနဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးကိစ္စ အဆိုရှင်က ဆွေးနွေးစဉ်မှာ အခြားသော ဝန်ကြီးဌာနများကဲ့သို့ စီမံခန့်ခွဲရမယ့်ဥပဒေများ တိုင်းရင်းသားရေးရာလူမျိုး ဝန်ကြီးများအတွက် ပြဋ္ဌာန်းထားခြင်းမရှိဘူးလို့ ပြောတဲ့အတွက် ဒါကို ကျွန်တော်က ဆွေးနွေးမှာဖြစ်ပါတယ်။ စတုတ္ထပိုင်းအနေနဲ့ကတော့ ဒီလိုအခွင့်အရေးကိုကာကွယ်တဲ့ ဥပဒေပြဋ္ဌာန်းဖို့ရာ လိုပါသလား။ လိုရင်လည်း ကျွန်တော်တို့ ဘယ်လိုပုံစံနဲ့ဥပဒေကိုရေးဆွဲကြမယ် ဆိုတာဖြစ်ပါတယ်။ ဦးစွာပထမ တိုင်းရင်းသားဆိုတဲ့နေရာမှာ ကျွန်တော်တို့တစ်တွေ အများစု နားလည် သဘောပေါက်ထားတာက ရှမ်း၊ ချင်း၊ ကချင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် အစရှိသည်တို့ဟာ တိုင်းရင်းသားများ ကျွန်တော်တို့ National Races တွေပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုရှင်ဆွေးနွေးတင်ပြစဉ်မှာ UN ရဲ့ Declaration များကို အသေးစိတ်ဖတ်ကြားတင်ပြရာမှာ ရည်ရွယ်လိုရင်းကတော့ ကျွန်တော်တို့ လူနည်းစုတိုင်းရင်းသားများ Minorities တွေကိုပဲ ဆိုလိုတယ်လို့ ကျွန်တော် သဘောရပါတယ်။ ဒါကြောင့်လည်း အဆိုရှင်က ဒီ Minorities တွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ဖို့တောင်းဆိုတာဖြစ်တယ်လို့ ကျွန်တော်တို့ သဘောပေါက်ကြမှာဖြစ်ပါတယ်။ ဘယ်လို လူနည်းစုတိုင်းရင်းသားများ ရှိပါသလဲ။ သိကြပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ပြည်နယ်တွေ၊ တိုင်းတွေမှာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများလည်း ရှိကြမှာဖြစ်ပါ တယ်။ အဲဒီဝန်ကြီးတွေထဲမှာ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်တိုင်းရင်းသားရေးရာဝန်ကြီး အစရှိသည်ဖြင့် အထက်က ကျွန်တော်တင်ပြခဲ့တဲ့ တိုင်းရင်းသားကြီးများဟာ ပါရှိနေကြပြီဖြစ်ပါတယ်။ အနည်းစုသော လူနည်းစုတိုင်းရင်းသားများကတော့ လူဦးရေ ၅၀၀၀၀ အထက်မကျော်သော တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ် အင်းတော် မြို့နယ်ဟာ ကချင်ပြည်နယ်နဲ့ မြောက်ဘက်ခြမ်းမှာထိစပ်နေတဲ့မြို့နယ်ဖြစ်ပါတယ်။ အဲဒီ မြို့နယ်ထဲမှာ ကျွန်တော်တို့ ရှမ်းနီလို့ခေါ်ကြတဲ့ တိုင်းလျှံတွေရှိပါတယ်။ ဂဏန်းလို့ခေါ်တဲ့ လူမျိုးနွယ်စုတွေ ရှိပါ တယ်။ အဲဒီ ဂဏန်းမျိုးနွယ်စုတွေဟာ ကျွန်တော်တို့ အင်းတော်မြို့နယ်နဲ့ ဆက်စပ်နေတဲ့ ဗန်းမောက် မြို့နယ်အတွင်းမှာလည်း နေထိုင်ကြပါတယ်။ လူဦးရေအားဖြင့် အကြမ်းဖျင်း ၂၀၀၀၀ ဝန်းကျင်မှာ ရှိကြ

ပါတယ်ခင်ဗျား။ တဖန် ကျွန်တော်ရဲ့ မြို့နယ်မှာရယ်၊ ဗန်းမောက်မြို့နယ်မှာရယ် ဆက်စပ်နေတဲ့ ပင်လယ်ဘူးမြို့နယ်မှာရယ် ကဒူးဆိုတဲ့ လူနည်းစုတိုင်းရင်းသားမျိုးနွယ်များလည်းရှိနေကြပါတယ်။ ဒီတော့ ဒီလိုလူနည်းစုတိုင်းရင်းသားမျိုးနွယ်များရဲ့ အခြေအနေ၊ ဒီတိုင်းရင်းသားတွေရဲ့ အခွင့်အရေး ဒီအခွင့်အရေးတွေကို ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘာတွေခွင့်ပြုထားပြီလဲ။ ဒါနဲ့ပတ်သက်ပြီးတော့မှ ဒုတိယပိုင်းအနေနဲ့ တင်ပြဆွေးနွေးလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီလူနည်းစုတိုင်းရင်းသားများအတွက်ကို အခွင့်အရေးများပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တင်ပြလိုတဲ့အခွင့်အရေးကတော့ လူနည်းစုတိုင်းရင်းသားများဟာ နိုင်ငံသားများဖြစ်တာနဲ့အညီ ကျွန်တော်တို့ ပုဒ်မ ၃၆၆ မှာ ပညာသင်ကြားပိုင်ခွင့်ရှိသည်လို့ပြဋ္ဌာန်းပါရှိပါတယ်။ ပညာရေးအတွက်ဖြစ်ပါတယ်။ ပုဒ်မ ၃၆၇ မှာတော့ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်လို့ ပါရှိပါတယ်။ ဒီ လူနည်းစုတိုင်းရင်းသားများဟာ ပညာသင်ကြားခွင့်တွေ တန်းတူညီမျှ (Equality) ရနေကြပြီလား။ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့် ညီမျှစွာ ရနေကြပြီလား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ အင်းတော်မြို့နယ်ထဲမှာ လက်ဝဲသုန္ဒရ အမတ်ကြီးရောက်သွားခဲ့ရတယ်ဆိုတဲ့ မဲဇာချောင်းဆိုတာရှိပါတယ်။ ဒီလို မိုးရာသီမှာ မဲဇာချောင်းဆိုတာဟာ ကျွန်တော် လွှတ်တော်ကြီးလောက် သုံးဆမက ကျယ်ပြန့်တဲ့ ရေပြင်ကြီးဖြစ်ပါတယ်။ အဲဒီ ရေပြင်ကြီးခြားနေတဲ့ ချောင်းရဲ့အနောက်ဘက်တစ်ဖက်ကမ်းမှာ ကျွန်တော်တင်ပြခဲ့တဲ့ လူနည်းစု တိုင်းရင်းသားများနေကြပါတယ်။ အိမ်ခြေ ၁၀၀ ဝန်းကျင်ခန့်ရှိတဲ့ ရွာပေါင်း ၆၀၀ ရွာစုလိုက်တာတောင်မှ သားဖွားဆရာမတစ်ဦးရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုမရှိသေးပါဘူး။ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်များမရသေးဘူးဆိုတာကို ကျွန်တော်ထောက်ပြရခြင်းဖြစ်ပါတယ်။ ထို့အတူပဲ ပညာရေးချောင်းရဲ့အနောက်တစ်ဘက်ကမ်း ရွာငယ်လေးများမှာ ကျောင်းသားဦးရေ ၅၀ လောက် မိမိဘာသာကျောင်းကိုဆောက်၊ မိမိတို့ဘာသာ အရပ်ငှား ဆရာမကိုငှား ဆရာမလေးက ၁၀ တန်းမအောင်၊ ဒီကလေးတွေကို ပညာသင်ပေးတဲ့အခါကျတော့ ပညာရည်ဘယ်မှာလာမြင့်တော့မှာလဲ။ ဒါကြောင့် နိုင်ငံသားဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုများသည် ပညာသင်ကြားပိုင်ခွင့်ရှိသည်မှန်သော်လည်း ရှေးရှေးက ကိုယ်စားလှယ်ကြီးများဆွေးနွေးကြသလို အခွင့်အရေးများကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် မရဘူးဆိုတာကိုတော့ ကျွန်တော်တို့ ဝန်ခံကြရမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ဒီအခွင့်အရေးတွေကိုရအောင် ကျွန်တော်တို့ ဘာတွေလုပ်ကြရမှာလဲခင်ဗျာ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေအချာအကျအန ပြဋ္ဌာန်းပါရှိပါလျက်နဲ့ မရသေးဘူးဆိုတဲ့ အခွင့်အရေးများကို ကျွန်တော်တို့ ဘယ်လိုဆောင်ရွက်ပြီးတော့ ဘယ်လိုပုံစံနဲ့ရအောင် ယူပေးကြမလဲ

ခင်ဗျာ။ ကျွန်တော်တို့ဟာ ဒီနေ့ လွှတ်တော်အတွင်းကို ရောက်ရှိလာကြတာဟာ ပြည်သူများရဲ့ ရွေးချယ်မှုအရ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ မျိုးနွယ်စုတိုင်းရင်းသားများ၏ ရွေးချယ်မှုအရ လွှတ်တော်ထဲသို့ ပြည်သူ့ကိုယ်စားလှယ်အနေနဲ့ ကျွန်တော်တို့ ဒီနေ့ ရောက်ရှိလာကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်ဟာ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့အခွင့်အရေးများကို ကျွန်တော်တို့ ရရှိအောင် ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ အဆိုရှင်ကလည်းပဲ UN ရဲ့ Declaration နဲ့ ပတ်သက်ပြီးတော့မှ ဆွေးနွေးခဲ့တဲ့အချက်မှာ ကျွန်တော်တို့တွေဟာ UN ရဲ့ Article 38 မှာတဲ့ Indigenous People ဒေသခံတိုင်းရင်းသားလူမျိုးတွေရဲ့အကျိုးကို ဆောင်ရွက်ပေးရမယ်ဆိုတဲ့ နေရာမှာ Respect for Human Right Equality အစရှိသည်ဖြင့် သဘောထားများနဲ့ ဖော်ဆောင်ရမယ်လို့ ပါရှိပါတယ်။ ဒီနေ့ ကျွန်တော်တို့ လွှတ်တော်ကြီးမှာ ဒီအချက်တွေကို ဆောင်ရွက်ဖို့ ကိုယ်စားလှယ်များစုံညီစွာ စုရုံးလို့ရောက်ရှိနေကြပါပြီ။ ဒီတော့ကာ ကျွန်တော်တို့တစ်တွေ ညီညာလက်တွဲ မြဲမြဲရဲရဲဆောင်ရွက်ကြမယ်ဆိုရင် ဒီအခွင့်အရေးတွေကို တိုင်းရင်းသားမျိုးနွယ်စုများကို မရမရှိစေဘူးဆိုတာ အမှန်ဖြစ်ပါတယ်။ ဒီတော့ကာ ဒီအချက်နဲ့ပတ်သက်ပြီးတော့ ဒီအခွင့်အရေးများကိုဆောင်ရွက်ဖို့ရာ စတုတ္ထပိုင်းအနေနဲ့ ကျွန်တော်ဆွေးနွေးမယ့်အခါမှာ ဥပဒေပြဋ္ဌာန်းဖို့ရာ လိုမလိုဆိုပြီး တင်ပြဆွေးနွေးပါမယ်။ တတိယအချက်အနေနဲ့ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပတ်သက်ပြီး အဆိုရှင် ဆွေးနွေးချက်ပါရှိတဲ့အတွက် အနည်းငယ်ဆွေးနွေးပါမယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်းတွေမှာ တိုင်းရင်းသားရေးရာဝန်ကြီးတွေဟာ ဒီနေ့ တိုင်းရင်းသားများအရေးကိစ္စကို ပြည့်စုံစွာဆောင်ရွက်လို့မရဘူးလို့ အထက်ကကိုယ်စားလှယ်များ ဆွေးနွေးချက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ထောက်ပြဆွေးနွေးလိုပါတယ်။ ဒီနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ဝန်ကြီးဆိုတာဘယ်သူတွေလဲ။ သုံးမျိုးသုံးစားရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ(င)မှာ နံပါတ်(၁) အစားကတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် သဘောတူညီချက်နဲ့ ရွေးချယ်လိုက်တဲ့ပုဂ္ဂိုလ်များ၊ ဒီပုဂ္ဂိုလ်များဟာလည်း ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြမှာဖြစ်ပါတယ်။ ဒုတိယ ကိုယ်ပိုင်ခွင့်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ သူတို့လည်းပဲ ပြည်နယ်/တိုင်းဒေသဝန်ကြီးများ ဖြစ်ကြပါတယ်။ စတုတ္ထတိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ဖို့ရန် ရွေးကောက်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်များ၊ အဲဒီပုဂ္ဂိုလ်များ သုံးဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်လို့ ပုဒ်မ ၂၆၂ မှာဆိုပါတယ်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မအရ ထင်ရှားကြောင်းတင်ပြရခြင်းဖြစ်ပါတယ်။ ထို့အတူပဲ ပုဒ်မ ၂၄၈ မှာ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရဖွဲ့စည်းရာမှာ ပုဒ်မ ၂၄၈ ပုဒ်မခွဲ(ခ) (၂) မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများလို့ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အတွက် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများဟာလည်းပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များဖြစ်ကြောင်းသာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထင်ရှားပါတယ်။ ထို့ထက် ထပ်မံထင်ရှားသည်မှာ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဆ)မှာပဲ နိုင်ငံတော်သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ဖို့ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ရမယ်လို့ ပါရှိပြီးဖြစ်ပါတယ်။ ထို့ထက်မက အထက်ပါ ပုဒ်မရဲ့ ပုဒ်မခွဲ(ဈ) မှာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား အခြားဝန်ကြီးဌာန တာဝန်များကိုလည်း ပူးတွဲတာဝန်ပေးအပ်နိုင်သည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒီအတွက် တိုင်းရင်းသားရေးရာဝန်ကြီးများဟာ တိုင်းရင်းသားရေးရာကိစ္စရပ်များကိုသာမက အခြားဝန်ကြီးဌာနရဲ့တာဝန်များကိုပါ ပူးတွဲထမ်းဆောင်နိုင်သည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အတိအလင်းအထင်အရှား ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများနဲ့ပတ်သက်ပြီးတော့မှာ ကျွန်တော်တို့တစ်တွေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆောင်ရွက်ကြရမယ့်အရေးမှာ တိုင်းရင်းသားရေးရာဝန်ကြီးများနဲ့ ပတ်သက်ပြီးတော့မှ လိုအပ်တဲ့ဥပဒေကြမ်းတွေ အဆိုတွေတင်သွင်းမယ်ဆိုရင် တိုင်းရင်းသားရေးရာဝန်ကြီးများရဲ့ လုပ်ငန်းတာဝန်များဟာ ပီပြင်ပေါ်လွင်လာမှာဖြစ်ပါတယ်ခင်ဗျား။

စတုတ္ထအပိုင်းအနေနဲ့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကို ကာကွယ်တဲ့ဥပဒေ ကျွန်တော်တို့ ပြဋ္ဌာန်းဖို့လိုမလို ဆိုတဲ့အချက်ဖြစ်ပါတယ်။ အထက်ကတင်ပြချက်များမှာ ပေးကားပေး၏မရ။ လက်ဆုပ်လက်ကိုင် ပြစရာဥပဒေမရှိပါဆိုတဲ့အတွက် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးများကို အပြည့်အဝမရဘူးလို့ဆိုပါတယ်။ ဒါတွေရအောင် ဥပဒေတစ်ခု ခိုင်ခိုင်မာမာရှိဖို့ လိုတယ်ဆိုတာ မှန်ပါတယ်ခင်ဗျား။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတိုင်းဟာ တန်းတူညီမျှရှိရမယ်လို့ ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဘယ်လူမျိုးစုကိုတော့ သာစေ၊ ဘယ်လူမျိုးစုကတော့နာစေလို့ ဥပဒေရေးဆွဲမိရင်လည်းပဲ အခြေခံဥပဒေနှင့်ဆန့်ကျင်ကွဲလွဲ ကျွန်တော်တို့တစ်တွေဟာ တိုင်းရင်းသားများအရေး၊ ချစ်ကြည်ဖို့အရေးကို ဆောင်ရွက်ရင်းနဲ့ဆေးအတွက် လေးတဲ့အဖြစ်မျိုးနဲ့ရောက်မှာကိုလည်း အလွန်သတိထားကြရမှာဖြစ်ပါတယ်။ တကယ်တော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း

နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် တန်းတူညီမျှအခွင့်အရေးကို ရကြရမှာဖြစ်ပါတယ်။ သို့အတွက် တန်းတူညီမျှအခွင့်အရေးများကို ရရှိစေဖို့ရာမှာ ဥပဒေတစ်ရပ်ရေးဆွဲရာမှာ မိမိတို့ အလွန်သတိထားကြရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ အခွင့်အရေး တိုင်းရင်းသားလူမျိုးများအတွက် ပေးထားတဲ့အခွင့်အရေးများကိုလည်းပဲ မလွဲသွားစေ ဖို့ကို မိမိတို့ထည့်သွင်းပြဌာန်းကြရမှာ ဖြစ်ပါတယ်။ ဥပဒေအရာမှာ တန်းတူညီမျှရှိရမယ်။ ပြည်သူ့ ဝန်ထမ်း တာဝန်ထမ်းဆောင် အလုပ်လုပ်ကိုင်၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကား၊ စီးပွားယုံကြည် ထင်မြင်ချက်ကို လွတ်လပ်စွာ ပြောဆို၊ အသင်းအဖွဲ့တွေမှာ စည်းရုံး၊ စီတန်းလှည့်လည် မိမိချစ်ခင် မြတ်နိုးတဲ့ စကား၊စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်တဲ့ ဘာသာ၊ သာသနာ ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် အစရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများအတွက် ပြဋ္ဌာန်း ထားတဲ့ တန်းတူညီမျှအခွင့်အရေးများကို ကျွန်တော်တို့ရေးဆွဲမယ့် ဥပဒေမှာ ပြန်လည်ထည့်သွင်းရမှာ ပဲဖြစ်ပါတယ်။ ဒီ့အပြင် ကျွန်တော့်အနေနဲ့ အထူးတင်ပြလိုတာကတော့ ဒီနေ့ ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်များသည် မိမိတို့ရဲ့ဒေသမှာရှိတဲ့ တိုင်းရင်းသားများရဲ့အရေး၊ အခွင့်အရေးများကို ပြည့်ဝစွာရရှိဖို့ရန် ဆွေးနွေးတင်ပြကြတယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်းပဲ ကျွန်တော့်ရဲ့ ဒေသမဲဆန္ဒနယ်က တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးများကို အပြည့်အဝရရှိစေလိုသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းလိုက်မယ်ဆိုရင် အဆိုပါဥပဒေကို ပြဋ္ဌာန်းဖို့ရန် (၁) တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ကော်မရှင်တစ်ရပ်ကို ကျွန်တော်တို့ လွှတ်တော်ကနေ ဖွဲ့စည်းဖို့ရန်ဖြစ်ပါတယ်။ အဲဒီကော်မရှင်ဟာ ဥပဒေကြမ်းကော်မတီ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့နှင့်ပူးပေါင်းပြီး တိုင်းရင်းသားများအခွင့်အရေး ကာကွယ်တဲ့ဥပဒေကို ရေးဆွဲတင်သွင်းကြဖို့ရန် ဖြစ်ပါတယ်။ မိမိအနေနဲ့ အကြံပြုလိုတာကတော့ ဒီနေ့ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိရဲ့ဒေသ၊ မိမိရဲ့မဲဆန္ဒနယ်မှာရှိတဲ့ တိုင်းရင်းသားများ အခွင့်အရေးများကို ပြောဆိုနိုင်ဖို့၊ တောင်းဆိုနိုင်ဖို့ ဥပဒေမှာ ထည့်သွင်းဖို့ဖြစ်ပါတယ်။ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ ကျွန်တော့်ဒေသမှာ ပညာသင်ကြားခွင့် လွယ်လွယ်မရကြတဲ့ တိုင်းရင်းသား လူမျိုးစုတွေအတွက် ပညာသင်ကြားခွင့်ရဖို့ စာသင်ကျောင်းတွေရှိဖို့ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်ဖို့အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများကို ဖွင့်ပေးနိုင်ဖို့ အဲဒီလိုအခွင့်အရေးများကို ပြည်သူ့ကိုယ်စား ကျွန်တော်တို့ကိုယ်စားလှယ်များက တောင်းဆိုခွင့်ရှိသည်လို့ ဥပဒေမှာ ထည့်သွင်း

ပြဋ္ဌာန်းပေးသင့်ကြောင်း ကျွန်တော် အကြံပြုလိုပါတယ်။ ဤကဲ့သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးတောင်းဆိုချက်ကို မည်သူမျှငြင်းပယ်ခွင့်မရှိစေရလို့ ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းမယ်ဆိုရင် မိမိတို့တစ်တွေ တစ်တိုင်းပြည်လုံးက တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်စားလှယ်များဟာ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ အခွင့်အရေးများကို ကာကွယ်ပေးရာ ရောက်ပါတယ်။ တစ်ခါ မိမိတို့တိုင်းရင်းသားလူမျိုးများအရေးအတွက်ကို ဆွေးနွေးတိုင်ပင်ကြတဲ့ အခါမှာ ပင်လုံညီလာခံဆိုပြီးတော့ ကျွန်တော်တို့ ပြောဆိုကြတဲ့စကားများကို ကြားသိနေရပါတယ်။ ကျွန်တော်လေ့လာမိသလောက်ကပင်လုံညီလာခံမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ၂၃ ဦးတက်ရောက်တယ်လို့သိရပါတယ်။ အဆိုပါ ၂၃ ဦးထဲမှာ တိုင်းရင်းသားလူမျိုး အမည်အားဖြင့်တပ်မယ်ဆိုရင် ရှမ်းလူမျိုး၊ ချင်းလူမျိုး၊ ကချင်လူမျိုး လူမျိုး သုံး မျိုးကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးတင်ပြနေကြတဲ့ အချို့အချို့သော လူများရဲ့ယူဆချက် များ ဒုတိယပင်လုံညီလာခံလို့ ဒါဆိုရင် ကျွန်တော်တို့ ဒီလိုလူမျိုး အထက်က တင်ပြခဲ့သလို မပြည့်မစုံ ဖြစ်ခဲ့ရင် ကျွန်တော်တို့ ဘယ်နဲ့လုပ်ကြပါ့မလဲ။ တိုင်းရင်းသားလူမျိုးစုများလို့ ပြောလိုက်တဲ့အတွက် ကျွန်တော်အထက်ကတင်ပြခဲ့တဲ့ ဂဏန်းဆိုတဲ့လူမျိုးများခေါင်းဆောင် ဘယ်သူ့ကိုရွေးချယ်စေလွှတ် ရပါမလဲ။ ကဒူးဆိုတဲ့လူမျိုးများ ခေါင်းဆောင်ဘယ်သူကို ရွေးချယ်စေလွှတ်ရပါမလဲ။ မြို့နယ်သုံး မြို့နယ်မှာ ကွဲပြားနေထိုင်ကြတဲ့ ဒီလူနည်းစုမျိုးနွယ်များရဲ့ ခေါင်းဆောင်ကို ဘယ်ပုံဘယ်နည်း ကျွန်တော်တို့ စစ်ထုတ်ကြပါမလဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေ ဒီနေ့ လွှတ်တော်ကြီးဟာ တိုင်းရင်းသားလူမျိုးများရဲ့ဆန္ဒနဲ့ ဒီနေ့ ကိုယ်စားလှယ်အဖြစ်နဲ့ ရောက်ရှိလာကြတာဖြစ်ပါတယ်။ ဒါကြောင့် အခုလို ဒေသအသီးသီးက မျိုးစုံသော တိုင်းရင်းသားလူမျိုးများရဲ့ကိုယ်စား ပြည်သူ့ ကိုယ်စားလှယ်များရောက်နေတဲ့ ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်ကြီးမှာ တိုင်းရင်းသားလူမျိုးများ အရေးကို ဒီထက်မက ဆွေးနွေးညှိနှိုင်းအဖြေရှာဆောင်ရွက်သင့်ပါကြောင်းကိုလည်း အကြံပြုတင်ပြ အပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ အဆိုရှင်တင်ပြခဲ့တဲ့ တိုင်းရင်းသားလူမျိုးများအခွင့်အရေးကို ကာကွယ် ဖို့ရာ ဥပဒေပြဋ္ဌာန်းရေးသည် ဆောင်ရွက်ရမည်မှန်သော်လည်း အင်မတန် သတိကြီးစွာဖြင့် ဆောင်ရွက် ရမယ့်ကိစ္စဖြစ်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ )

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများအဖွဲ့မှ မိမိအစီစဉ်ဖြင့်မိမိ ဆက်လက်ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ ကျယ်ကျယ်ပြန့်ပြန့် ရှုထောင့်စုံမှပြည့်စုံစွာ ဆွေးနွေးသွားကြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုကိုဖြည့်စွက် တင်ပြဆွေးနွေးရလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ပြဋ္ဌာန်းထားပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးတီခွန်မြတ် အဆိုပြုချက်ဖြစ်တဲ့ တိုင်းရင်းသားများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြဋ္ဌာန်းရန်ကိစ္စမှာ အမှန်တကယ်လိုအပ်သည်ဟု ယူဆပါတယ်။ ပြဋ္ဌာန်းနိုင်ခဲ့ရင် တိုင်းရင်းသားများအား ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသည့် အခွင့်အရေးကို ပိုမိုကျယ်ပြန့်စွာလက်တွေ့ကျကျ ခံစားရရှိနိုင်မှာဖြစ်ပါတယ်။ ဒီဥပဒေရေးဆွဲရာမှာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ သက်ဆိုင်သောကိစ္စရပ်များကို ပြည့်ပြည့်စုံစုံခိုင်ခိုင်မာမာဖြစ်စေရန် အထောက်အကူပြုဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့်လည်း ဒီဥပဒေပြဋ္ဌာန်းနိုင်ခဲ့ပါက တိုင်းရင်းသားတွေနဲ့ပတ်သက်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက် ယခုတင်တဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်

တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုနဲ့ ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ်ကြီး အသီးသီးက ဆွေးနွေးသွားကြပြီးဖြစ်ပါတယ်။ အဆိုပါ တိုင်းရင်းသားလူမျိုးများ ဆိုတဲ့အထဲမှာ ကျွန်တော်တို့ ဗမာတိုင်းရင်းသားများလည်း အပါအဝင်ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါ တယ်။ တိုင်းရင်းသားများအား ခွဲခြားဆက်ဆံခြင်းနဲ့ ဘာသာရေးခွဲခြားကန့်သတ်မှုများမရှိအောင် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အကာအကွယ်ပေးပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့အတိုင်း လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ်ဆိုရင် တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်စွာဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခိုင်ခိုင်မာမာနဲ့ တည်ဆောက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဆိုတဲ့ခံယူချက်နဲ့ တိုင်းရင်းသားအားလုံးဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နေထိုင်ကြလျက်ရှိပါတယ်။ ထိုဥပဒေနဲ့အညီ တိုင်းရင်းသားအားလုံးဟာ တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့် အရေးများ ခံစားခွင့်ရှိနေကြပြီဖြစ်ပါတယ်။ သို့သော်လည်း ဦးတီခွန်မြတ်ရဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းရေးအဆိုဟာ လျော်ကန်သင့်မြတ်တဲ့ အဆို ဖြစ်တဲ့အတွက် ဒီအဆိုနဲ့ပတ်သက်ပြီး ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွတ်ခိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ရဲ့ အဆိုဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းရေး အဆိုနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးကနေပြီးတော့ ဆွေးနွေးတင်ပြ မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတီခွန်မြတ်က ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၂၂ ကို ဖော်ပြ၍ လည်းကောင်း၊ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၂) မူလအခွင့်အရေးခေါင်းစဉ်ပါ တိုင်းရင်းသားများ အပါအဝင်ဖြစ်သော နိုင်ငံသားများ၏

အခွင့်အရေးများကို ဖော်ပြ၍လည်းကောင်း၊ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂)အခြေခံမူများ ပုဒ်မ ၂၁ ကို ဖော်ပြ၍လည်းကောင်း တိုင်းရင်းသားလူမျိုးများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားတဲ့ အခွင့်အရေးတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကြီးကို အထောက်အကူပြုနိုင်ရေးနဲ့ တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအစွန့်ရှည်စေရေးတို့အတွက် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းနိုင်ရေးအဆို တင်ခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အများစုကလည်း အဆိုကို ထောက်ခံဆွေးနွေးသွားကြပါတယ်။ အဆိုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် ၁၃-၉-၂၀၀၇ ရက်နေ့၌ ကျင်းပခဲ့သော (၁၀၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် (၆၁/၂၉၅) (United Nations Declaration on the Rights of Indigenous Peoples) အရ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းပါအပိုဒ် ၃၈ နဲ့ အပိုဒ် ၄၆-၃ တို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်တို့ကိုလည်း တင်ပြထားတာ တွေ့ရှိရပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက် (UN General Assembly Resolution) တွေရဲ့ ဥပဒေအဆင့်အတန်းရှိမှု (Legal Status) ကို ကြည့်မယ်ဆိုရင် စည်းနှောင်အားရှိတဲ့ဆုံးဖြတ်ချက် (Binding Resolution) နဲ့ စည်းနှောင်အားမရှိတဲ့ဆုံးဖြတ်ချက်(Non Binding Resolution) ဆိုပြီးတော့ တွေ့ရှိရပါတယ်။ စည်းနှောင်အားရှိတဲ့ ဆုံးဖြတ်ချက်တွေကတော့ (၁) အဖွဲ့ဝင်နိုင်ငံများက Budget ရန်ပုံငွေထည့်ဝင်ရမယ့်ကိစ္စ (၂) အပြည်ပြည်ဆိုင်ရာစာချုပ် Treaty တစ်ရပ်ကို အခြေခံပြီးထုတ်ပြန်တဲ့ Declaration အပေါ်မှာ ချမှတ်တဲ့ကိစ္စတွေ (၃) အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေကို အခြေခံပြီး ထုတ်ပြန်တဲ့ Declaration အပေါ်မှာ ချမှတ်တဲ့ကိစ္စတွေပဲဖြစ်ပါတယ်။ ဒီ Resolution တွေဟာ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ လေးစား လိုက်နာဖို့ တာဝန်ရှိပါတယ်။ ယခု တင်ပြတဲ့ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ Resolution ဟာ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ရပ်ဖြစ်တဲ့ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်တွေနဲ့ အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာစီးပွားရေး၊ လူမှုရေးနဲ့စပ်လျဉ်းတဲ့ ကွန်ဗင်းရှင်း(ICESCR)နဲ့ အပြည်ပြည်ဆိုင်ရာလူမှုရေး၊ နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ကွန်ဗင်းရှင်း(ICCPR)တို့ကို အသိအမှတ်ပြုပြီး ထုတ်ပြန်ကြေညာထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တင်ပြပါ Covenant ၂ ရပ်ကို ပါဝင်ခြင်းမရှိသေးပေမယ့်လို့ ဒီ Covenant

တွေဟာ မြန်မာနိုင်ငံက အတည်ပြုလက်ခံထားပြီးဖြစ်တဲ့ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း(UDHR)ပါ ပြဋ္ဌာန်းချက်တွေကိုပဲ အတည်ပြုပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒါတွေကို အခြေခံပြီးချမှတ်ထားတဲ့ ဒီ Declaration ကို မြန်မာနိုင်ငံအနေနဲ့လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေခံဥပဒေ အပိုဒ် ၄ ပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏အခွင့်အရေးနှင့်စပ်လျဉ်းပြီးတော့ ၁၉၄၁ ခုနှစ်မှ စတင်ပြီး State Ethnic Affairs Commission ကိုဖွဲ့စည်းတည်ထောင်၍လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ စာတတ်မြောက်မှု မြှင့်တင်ရေးစသည့် ကျယ်ပြန့်တဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်ခြင်းနဲ့ ယင်းတို့ရဲ့ အခွင့်အရေးများနဲ့စပ်လျဉ်းပြီး ဥပဒေရေးဆွဲခြင်းများကိုပါ ဆောင်ရွက်ခဲ့ရာ ၁၉၈၄ ခုနှစ်မှာ The Law on Regional Ethnic Autonomy ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း ဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အလားတူ အိန္ဒိယနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံရဲ့ The National Commission For Minorities Act,1992 ပြဋ္ဌာန်းခဲ့ခြင်းနဲ့ ပြည်နယ်ဒေသတွေမှာ တိုင်းရင်းသားလူမျိုးများဆိုင်ရာ ကော်မရှင်အသီးသီးများဖွဲ့စည်းထားခြင်း၊ မဏိပူရဒေသမှာ The Manipur State Minorities Commission Act,2010 ကိုပြဋ္ဌာန်းထားခြင်းကိုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။ အထက်ပါနိုင်ငံများအပြင်ဖိလစ်ပိုင်နိုင်ငံမှာလည်း Indigenous People's Act ၊ ဘိုလစ်ဗီးယားမှာလည်း Bolivia's National Law,3760 စသဖြင့်လည်း ဒါတွေလည်း ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်မှာ Declaration ပါ ပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ တရားမျှတရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးကို လေးစားလိုက်နာရေး၊ သာတူညီမျှရေး၊ ခွဲခြားဆက်ဆံမှုပပျောက်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနဲ့ သဘောရိုးတို့နဲ့အညီ အဓိပ္ပာယ်ဖွင့်ဆိုမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဥပဒေတစ်ရပ်ကို ရေးဆွဲရာမှာ ဥပဒေရေးဆွဲသူများအနေဖြင့် ယင်းဥပဒေအရ ဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတွေကို ကောင်းစွာနားလည်ပြီး ဥပဒေပါအကြောင်းအရာတွေနဲ့စပ်လျဉ်းပြီး အနာဂတ်မှာ ဘယ်လိုကိစ္စရပ်တွေ ပေါ်ပေါက်လာနိုင်တယ်။ ဒီလိုပေါ်ပေါက်လာနိုင်တဲ့ကိစ္စရပ်တွေကို ဘယ်လိုပြေလည်အောင် ဖြေရှင်းဆောင်ရွက်မယ်ဆိုတာတွေကြိုတင်မျှော်မှန်းပြီးတော့ ကျယ်ပြန့်စွာ လေ့လာသုံးသပ်ရေးဆွဲဖို့လည်း လိုအပ်ပါတယ်။ ဒါနဲ့ဆက်စပ်

တဲ့ Legal Maxim အနေနဲ့ Laws are to be more Liberally interpreted that their intent may be preserved ဆိုတဲ့ စကားလည်းရှိပါတယ်။ တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ဖို့ အလို့ငှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကိုလည်း တင်ပြလိုပါတယ်။ ပုဒ်မ ၁၅ မှာ လျော်ကန်သင့်မြတ်တဲ့ လူဦးရေရှိတဲ့ တိုင်းရင်းသားလူမျိုးတွေအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဥပဒေပြုရေးမှာ ဒီတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တွေ ပါဝင်ခွင့်ရှိတယ်။ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)မှာ ပုဒ်မ ၁၅ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဥပဒေပြုရေးမှာ ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိတဲ့ တိုင်းရင်းသားလူမျိုးဖြစ်ရင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အုပ်ချုပ်ရေးမှာ အဓိကအားဖြင့် တိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တွေကို ပါဝင်ခွင့်ပြုရမယ်။ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က)(၄)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများရေးရာ ဆောင်ရွက်ရန်အတွက် ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံမှရယူရမယ်။ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(င)မှာတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက်ရရှိပြီးတဲ့ ပုဂ္ဂိုလ်များကိုသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများရဲ့ အမည်စာရင်းနဲ့ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းပါ ပုဂ္ဂိုလ်များကို သော်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ်(၂)တွင် နိုင်ငံတော်သမ္မတဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာတိုင်းရင်းသားလူမျိုး ရေးရာများဆောင်ရွက်ရန် တာဝန်ပေးအပ်ရမယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ ဒီပြဋ္ဌာန်းချက်တွေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးမှာ တိုင်းရင်းသား ကိုယ်စားလှယ်တွေကို ပါဝင်ခွင့်ပြုထားပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာလည်း ရွေးကောက်ခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ၂၉ ဦးကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ

အဖြစ်ခန့်အပ်ကာ တိုင်းရင်းသားလူမျိုးရေးရာကိစ္စများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းနိုင်ရေး အဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားလူမျိုးရေးရာ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်မှုရှိတဲ့ အဆိုတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ တိုင်းရင်းသား လူမျိုးများရဲ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေရေးဆွဲမယ်ဆိုပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂ ပါ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက် စေရန်လည်းကောင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်လည်းကောင်း တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်တဲ့ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးစေရန် လည်းကောင်း၊ ဆောင်ရွက်သင့်တဲ့အချက်တွေကို ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစား ကာရေးဆွဲဖို့လိုမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားများရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများ မတူညီကြတဲ့အတွက် တိုင်းရင်းသားအားလုံးနဲ့ အကျုံးဝင်စပ်ဆိုင်မယ့် လျော်ကန်ညီညွတ်မှုရှိမည့် ပြဋ္ဌာန်းချက်များ ဖော်ပြဖို့ လိုမှာဖြစ်ပါတယ်။ ဒါ့အပြင် ရေးဆွဲပြဋ္ဌာန်းလိုက်တဲ့ဥပဒေရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ရာမှာ ဘယ်သူတွေက ဘယ်လိုတာဝန်ခံဆောင်ရွက်ရမယ်ဆိုတာတွေလည်း ထည့်သွင်းစဉ်းစားဖို့လိုမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်က ကြီးမှူး၍ လွှတ်တော် ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန် ပေးအပ်ထားတဲ့ တိုင်းရင်းသားဝန်ကြီးများ အစရှိသဖြင့် ပါဝင်တဲ့ ကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ပွင့်လင်းမြင်သာသော ဥပဒေပြုစနစ်အဖြစ် ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဦးတီခွန်မြတ် တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန အသီးသီးက ပြည်ထောင်စုအဆင့်များကလည်း ထောက်ခံသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စတင် တင်သွင်းတဲ့ ဦးတီခွန်မြတ်ကို ထပ်မံဆွေးနွေးရန် မလိုတော့ဘဲနဲ့ ဒီဆုံးဖြတ်ချက်ကို ရယူသွားမှာ

ဖြစ်ပါတယ်။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ် စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော သွင်းကုန်ပို့ကုန် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၁၃-၃-၂၀၁၂ ရက်နေ့က အတည်ပြုခဲ့တဲ့ သွင်းကုန်ပို့ကုန် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၁၅-၃-၂၀၁၂ ရက်က ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၁၇-၇-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့သတ်မှတ် ထားတဲ့ ၂၃-၇-၂၀၁၂ ရက်နေ့အထိ ပြင်ဆင်ချက်တင်သွင်းဖို့ တစ်စုံတရာမရှိတဲ့အတွက် အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ယခုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ သွင်းကုန်ပို့ကုန်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖြန့်ဝေတင်ပြထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် သွင်းကုန်ပို့ကုန်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့သည့် ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့်

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၆) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်(တနင်္လာနေ့) ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်**၊ ၁၃း၀၀ ။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ၁၃း၀၀ နာရီတွင် ရပ်နားပါသည်။]